# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် ၂၀၂၆ ခုနှစ်၊ ဇွန် ၁၉ ရက်၊ သောကြာနေ့ အတွဲ(၆၅)၊ အမှတ်(၂၅၇)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှန်ဟိုင်းမြို့တွင် ကျင်းပပြုလုပ်သည့် “Myanmar-China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးပြောကြား

နေပြည်တော် ဇွန် ၁၈

၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၅ နှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အကောင်းမွန်ဆုံးတိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ လင်းကန်အထူးဇရိယာရှိ Radisson Collection Lingang Shanghai ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ယနေ့ မိုးလေဝသ (၁၉-၆-၂၀၂၆)

**နေပြည်တော်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ယနေ့ ဖတ် စ ရာ


**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ** *လွှတ်တော်ရေးရာ ➢ စာ ➢ ၁၁*

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ** *လွှတ်တော်ရေးရာ ➢ စာ ➢ ၁၂*


## ရန်ကုန်ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါ လူနာလေးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်

ရန်ကုန် ဇွန် ၁၈

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center) သို့ ၂၀၂၆ ခုနှစ် မေလက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာများဖြစ်သည့် သာပေါင်းမြို့နယ်မှ ၃၈ နှစ်အရွယ် အမျိုးသမီး၊ လှိုင်မြို့နယ်မှ ၅၇ နှစ်အရွယ် အမျိုးသမီး၊ ကျောက်ဆည်မြို့နယ်မှ ၄၇ နှစ်အရွယ် အမျိုးသားနှင့် ရွှေဘိုမြို့နယ်မှ ၅၃ နှစ်အရွယ် အမျိုးသား၊ စုစုပေါင်း ခြင်ဆီကင်ဆာလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး လူနာများ

*စာမျက်နှာ ၇ ကော်လံ ၄* ❑








# စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ကို ဒီဂျစ်တယ် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

*✳ ရွှေဖိုးမှ*

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိလာရာ ဟိုတယ်မှတာဝန်ရှိသူများက ပန်းစည်းကမ်း၍လည်းကောင်း၊ တရုတ်ရိုးရာ ခြင်္သေ့၊ နဂါး ရိုးရာအကများဖြင့်လည်းကောင်း၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ၊ မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များက ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီမှ နှစ်နိုင်ငံ အလံများကိုဝှေ့ယမ်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဒီဂျစ်တယ်စက်ခလုတ်နှိပ်၍ဖွင့်လှစ်**

ထို့နောက် အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်သမ္မတသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ကို ဒီဂျစ်တယ် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ၊ မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai အတွင်း မြန်မာ–တရုတ်ကုမ္ပဏီများမှ ကဏ္ဍစုံလင်စွာခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မြန်မာ – တရုတ် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း လူဦးရေ ၆၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP) မှ ကြီးမှူး



**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “Myanmar– China Investment and Trade Networking Summit” (MCITP – 2026) Shanghai အတွင်း မြန်မာ–တရုတ်ကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။**

ကျင်းပပြုလုပ်သည့် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai တွင် မြန်မာ–တရုတ် ကုမ္ပဏီများမှ ပြခန်းပေါင်း ၃၅ ခန်းကို ကဏ္ဍစုံလင်စွာဖြင့် ခင်းကျင်းပြသထားရှိပြီး ယခုကဲ့သို့ နှစ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများအား ပြသနိုင်ခြင်းအားဖြင့် မြန်မာ–တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသစ်များ တိုးချဲ့ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းများကို ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။

**တွေ့ဆုံအမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များအား Dishui Lake Ballroom ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့အမှာစကားပြောကြားရာတွင် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် စတင်ခဲ့သည့် မြန်မာ–တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် (၇၅) နှစ်မြောက် စိန်ရတုမှတ်တိုင်ကိုပင် ကျော်လွန်ကာ ယခုဇွန်လတွင် (၇၆)နှစ် ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာ – တရုတ်နှစ်နိုင်ငံသည် အစဉ်ချစ်ကြည်ရင်းနှီးသည့် အပြန်အလှန်အမှီပြုနေသည့် အိမ်နီးချင်းကောင်းများ ဖြစ်ပါကြောင်း၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရာတွင် အရေးပါသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ ထိုကဲ့သို့ နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ လေးစားယုံကြည်မှုတို့သည် မိမိတို့ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခု ဖြစ်ပါကြောင်း။

**အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီး**

မိမိတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမကြီး (Belt and Road Initiatives – BRI) စီမံကိန်းနှင့် မြန်မာ–တရုတ် စီးပွားရေးစင်္ကြံ (CMEC) တွင် မဟာဗျူဟာမြောက်ဝင်ပေါက် (Strategic Gateway)၊ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နေရာတစ်ခု ဖြစ်ပါကြောင်း။

ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏ “Belt and Road Initiatives” စီမံကိန်း၊ မြန်မာ–တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများ၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP)တို့မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကို အကျိုးပြုစေမည့်ရလဒ်များ ဖြစ်ပေါ်စေရေး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖော်ဆောင်ရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ကြောင်း။

ထို့အတူ တရုတ်နိုင်ငံ၏ စီးပွားရေးအချက်အချာလည်းဖြစ်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး၊ ကုန်သွယ်မှုနှင့် နည်းပညာကဏ္ဍများတွင် ထိပ်တန်းမှရပ်တည်နေသည့်အပြင် ရှန်ဟိုင်းစတော့အိတ်ချိန်းနှင့် ရှန်ဟိုင်းဆိပ်ကမ်း၊ အဆင့်မြင့်လေဆိပ်၊ မီးရထားလမ်းကွန်ရက်များ ပိုင်ဆိုင်ထားသည့် ရှန်ဟိုင်းမြို့မှ လုပ်ငန်းရှင်များနှင့် မိမိတို့မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန်လည်းဖြစ်ပါကြောင်း၊ ရှန်ဟိုင်းအပါအဝင် တရုတ်နိုင်ငံ၏ဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံမှ အရည်အသွေးမြင့်ကုန်စည်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံတို့ကို ပိုမိုတင်ပို့နိုင်မည့် ကုန်သွယ်မှုလမ်းကြောင်းများ ပိုမိုပွင့်လန်းလာစေရန်နှင့် ဒီဂျစ်တယ်စီးပွားရေး (Digital Economy)၊ အီလက်ထရွန်နစ် ကုန်သွယ်မှု (E–commerce) နှင့် ဆန်းသစ်တီထွင်မှု (Innovation) အပိုင်းများတွင် ရှန်ဟိုင်း၏ အဆင့်မြင့်နည်းပညာကုမ္ပဏီများနှင့်ပူးပေါင်းပြီး မြန်မာ့နည်းပညာကဏ္ဍဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ဖော်ထုတ်နိုင်ရေးအတွက်လည်း ရည်ရွယ်ပါကြောင်း။

**လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်**

မြန်မာနိုင်ငံသည် သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကြီးမားသည့် ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသည့် အာဆီယံဒေသတွင်း၏ အချက်အချာကျသည့် နေရာတွင်ရှိနေပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းကောင်းစွာဆောင်ရွက်နိုင်သည့် တော၊ တောင်၊ ရေ၊ မြေ၊ ရာသီဥတုရှိပြီး အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကိုအသုံးချပြီး စိုက်ပျိုးရေးအခြေခံစက်မှုနိုင်ငံဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံစိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာစိုက်ပျိုးနိုင်လျက်ရှိပြီး အထွက်နှုန်းမြင့်မားရန် လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာမြင့်မားပြီး ဈေးကွက်အရွယ်အစားကြီးမားပါကြောင်း၊ တရုတ်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိနိုင်ငံ၏ ဈေးကွက်၊ စားသုံးသူလိုအပ်ချက်၊ သက်ဆိုင်ရာဌာနများ၏ စံသတ်မှတ်ချက်များကို ပိုမိုသိရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိစေမည့် Value Chain ကို ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ- တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ၊ မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ “Myanmar-China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

အတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို ပြည်ပကတင်သွင်းလျက်ရှိပါကြောင်း၊ အလားတူ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများရှိလာစေရေး ပြည်တွင်း၌ လိုအပ်ချက်ရှိနေပါကြောင်း၊ တရုတ်နိုင်ငံသည် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး အဆင့်မြင့် ကျန်းမာရေးဝန်ဆောင်မှုများ ထွန်းကားပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာ ရှိပါကြောင်း။

**စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိ**

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်း နှစ်မျိုးစလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းအောက်တွင် နှစ်နိုင်ငံ အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor – CMEC)ကို တည်ထောင်ဆောင်ရွက်လျက်ရှိပြီး CMEC ၏ အဓိကကျသည့် အစိတ်အပိုင်းဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါ စီးပွားရေးစင်္ကြံများတစ်လျှောက် အထူးစီးပွားရေးဇုန်များ (SEZs)၊ စက်မှုဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံ (Logistics Hubs)များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများရှိနေပါကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် မန္တလေးငလျင်ကြီး၏ သက်ရောက်မှုခံခဲ့ရသည့် အခြေခံ အဆောက်အအုံများ ပြန်လည်ဖြည့်ဆည်းထူထောင်ရာတွင်လည်း ဖက်စပ်ရင်းနှီးမြှုပ်နှံမှုပုံစံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများလည်း ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့် ဓာတ်ငွေ့ထွက်ရှိသည့်နိုင်ငံဖြစ်သော်လည်း ရေနံသန့်စင်ထုတ်လုပ်သည့် အဆင့်မြင့်နည်းပညာလိုအပ်ချက်ရှိပြီး လောင်စာဆီနှင့် ရေနံထွက်ပစ္စည်းများကို ပြည်ပမှ အမြောက်အမြားတင်သွင်းလျက်ရှိပါကြောင်း၊ ထို့ကြောင့် ရေနံသန့်စင်ထုတ်လုပ်ခြင်းနှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လိုကြောင်း၊ တရုတ်နိုင်ငံသည် စွမ်းအင်သစ်ထုတ်လုပ်မှုတွင် အောင်မြင်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မိမိတို့ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားမူဝါဒ၊ လျှပ်စစ်မော်တော်ယာဉ် ဖွံ့ဖြိုးရေးမူဝါဒများကိုချမှတ်ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိနေပါကြောင်း။

**“ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ်ဖိတ်ခေါ်လျက်ရှိ၊ ထို့အပြင် နိုင်ငံ၏လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိ ”**

**အကောက်ခွန်နှုန်းများ လျှော့ချပေးထား**

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်များ (EV) တိုးတက်အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကိုဖွဲ့စည်းခဲ့ပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ(EV Policy)ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ဘက်ထရီလျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် EV Charger ၊ Spare Parts နှင့် Battery တို့ကို ရာခိုင်နှုန်းအချိုးအလိုက် အကောက်ခွန်နှုန်းများ လျှော့ချပေးထားပါကြောင်း၊ လျှပ်စစ်သုံး အများပြည်သူ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ (Electric Public Transportation Services)၊ လျှပ်စစ်တက္ကစီနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ (Electric Taxi & Cargo Logistics Services) နှင့်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ဆောင်ရွက်လိုပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ထိပ်တန်းရောက်နေပြီဖြစ်သည့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို အားပေးလျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေစွမ်းအင်အသုံးပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၌လည်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ အဆိုပါလျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများသည် မြန်မာနိုင်ငံ၏ ဦးစားပေးကဏ္ဍများဖြစ်သည့်အတွက် ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုလည်း ခံစားရရှိနိုင်မည်ဖြစ်ကြောင်း။

**ဦးစားပေးအဖြစ် သတ်မှတ်ဖိတ်ခေါ်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ်ဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံ၏လက်ရှိ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့် ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ တာယာနှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ်(Digital Transformation)သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာ မြန်မာဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအလယ်ပိုင်း တောင်ပေါ်ဒေသတွင် မြေဧရိယာ ဧက ၁၀၀၀၀ ခန့် ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့ကြောင့် e-commerce နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုအားကောင်းပြီးဖြစ်သည့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများပင် ဖြစ်ပါကြောင်း။

**ပိုမိုနီးကပ်စွာ ဆောင်ရွက်ကြရမည်**

ထို့ကြောင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများစွာရှိနေပြီး အိမ်နီးချင်းဆွေမျိုး ပေါက်ဖော် မဟာဗျူဟာမြောက် ဆက်ဆံရေးတို့အရ နှစ်နိုင်ငံကုန်သွယ်မှုသာမက ရင်းနှီးမြှုပ်နှံမှုမှာ ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများအနေဖြင့် လက်ရှိအခြေအနေထက်များစွာ တိုးတက်ရန်ရှိနေကြောင်း၊ အဆိုပါအလားအလာများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို ပိုမိုနီးကပ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ချိတ်ဆက်လုပ်ကိုင်နိုင်ရေးသည် လုပ်ငန်းရှင်များအတွက် အရေးကြီးသည်ကို ကောင်းစွာသိရှိပါကြောင်း၊ ထို့ကြောင့် ဆက်လက်ပြီး မိမိတို့၏ မိတ်ဖက်တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ချက်အချို့ကို မျှဝေလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် နှစ်နိုင်ငံအကြား SPS Protocol များ လက်မှတ်ရေးထိုးနိုင်ရေး အပြန်အလှန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ၂၀၂၁ ခုနှစ်တွင် ယွမ်ငွေကို မြန်မာနိုင်ငံအတွင်း လိုင်စင်ရဘဏ်များနှင့် ငွေလဲကောင်တာများတွင်

*စာမျက်နှာ ၅ သို့*





**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့စီးပွားရေးနှင့်ဆက်နွှယ်သော တေးသရုပ်ဖော်အကအလှဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။**

*စာမျက်နှာ ၄ မှ*

တရားဝင်ရောင်းဝယ်ခွင့်ပြုခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေကို တရားဝင်တိုက်ရိုက် အသုံးပြုပေးချေခွင့်ပြုခဲ့ပါကြောင်း၊ ယင်းစနစ်သည် နှစ်နိုင်ငံငွေကြေးဖြစ်သည့် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုဖြစ်သည့်အတွက် စရိတ်စကသက်သာစွာဖြင့် ဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံကုန်သွယ်မှုသာမက နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

အလားတူ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် မိမိတို့အနေဖြင့် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်မှစပြီး မိမိတို့ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာဖြင့်သာမက ယွမ်ငွေကြေးဖြင့်လည်း စတင်လက်ခံဆောင်ရွက်နေပြီဖြစ်သည့်အတွက် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ပိုမိုလွယ်ကူ အဆင်ပြေနိုင်မည်ဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရေးအတွက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့သည် ၂၀၂၄ ခုနှစ်မှာ အပြည့်အဝ အသက်ဝင်လည်ပတ်နေပြီဖြစ်သည့်အပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုထားပါကြောင်း။

ထို့ကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံတန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးပစ္စည်းကိရိယာထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှု၊ ရေနံနှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်မှု၊ e-commerce နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများမှာ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးဖိတ်ခေါ်လိုကြောင်း၊ မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှုကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပြီး တာဝန်ယူမှုရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံမှု (Responsible Investment) လုပ်ငန်းများကို ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကာအကွယ်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်ရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံသူများ၏ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ မဟာဗျူဟာနှင့် စီးပွားရေးတိုးတက်မှု အလားအလာများအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်သို့ ဆက်သွယ်ချိတ်ဆက်ပေးထားသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု၊ ဖြစ်ထွန်းလာနိုင်သည့် အနာဂတ်အလားအလာများကို ဆွေးနွေးခွင့်ရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ တရုတ်နိုင်ငံ၏ ဈေးကွက်၊ အဆင့်မြင့်နည်းပညာများနှင့် မြန်မာနိုင်ငံ၏ တည်နေရာအချက်အချာ၊ သဘာဝသယံဇာတအရင်းအမြစ်၊ လူစွမ်းအားအရင်းအမြစ်တို့ကို အထိရောက်ဆုံး ပေါင်းစပ်နိုင်မည့် ကဏ္ဍများကိုရွေးချယ်ကာ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့တွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေးအတွက် တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း၊ မိမိတို့နိုင်ငံမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချနိုင်သည့် ဈေးကွက်လည်းရှိပြီး ကျောက်ဖြူရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ပါကြောင်း၊ နှစ်နိုင်ငံကြား သာတူညီမျှ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦးနှစ်ဖက် ရေရှည်မျှဝေခံစားကြမည့်အခြေအနေကို ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ သမိုင်းစာမျက်နှာသစ်ကို အတူတကွ ဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံပြည်သူများအတွက်လည်း ဖွံ့ဖြိုးဝေစည်သည့်အနာဂတ်ကို အစဉ်လက်တွဲ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး၊ လျော့ပါးစေရေးနှင့် ငလျင်ဘေးအန္တရာယ်အလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ရေအားလျှပ်စစ်နှင့် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ရေးကဏ္ဍ၊ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် မူဝါဒပိုင်းဆိုင်ရာအရ ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြကြသည်။

ထိုကဲ့သို့ မေးမြန်းတင်ပြလာမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်းတို့က လုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြပြီး နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လုပ်ငန်းဆက်လက်အကောင်အထည်ဖော်ရန် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေရသည့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီးများအား အမြန်ဆုံးပြန်လည်စတင်နိုင်ရေး အဆိုပါဒေသများ၌ လုံခြုံရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အာကာသနည်းပညာပိုင်းဆိုင်ရာများတွင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့် ဆန္ဒရှိပြီး ပူးပေါင်းမှုများ ဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်မှုအား ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ၌ နည်းပညာပိုင်းဆိုင်ရာများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်ရပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်ကြမည်ဆိုပါကလည်း နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြု၍ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် ဈေးကွက်ခိုင်မာမှုတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဟု အကြံပြုလိုကြောင်းနှင့် အခြားသိရှိရန်လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**



တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် နိုင်ငံတော်သမ္မတသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြရာ နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့စီးပွားရေးနှင့် ဆက်နွှယ်သော တေးသရုပ်ဖော်အကအလှဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai အခမ်းအနားမှ ပြန်လည်ထွက်ခွာရာ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မြန်မာ-တရုတ် စီးပွားရေး လုပ်ငန်းရှင်များက နွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှန်ဟိုင်းမြို့ လင်းကန်အထူးဇရိယာ (Shanghai Lingang Special Area) ရှိ Exhibition Centre အတွင်း ကြည့်ရှုလေ့လာစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဇရိယာ (Shanghai Lingang Special Area)သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဇရိယာ (Shanghai Lingang Special Area) သို့ သွားရောက်လေ့လာသည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ လင်းကန်အထူးဇရိယာ (Shanghai Lingang Special Area)၊ Dishui Cloudhall Planning Exhibition Centre သို့ ရောက်ရှိကြရာ လင်းကန် အထူးဇရိယာပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Zhao Yi Huai နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Exhibition Centre အတွင်း၌ ပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လင်းကန်အထူးဇုန်၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွံ့ဖြိုးတိုးတက်လာမှုဆိုင်ရာ မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား Exhibition Centre အတွင်း လင်းကန်အထူးဇုန်၏ နယ်မြေအကျဉ်းချုပ်နှင့် ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**လိုက်လံကြည့်ရှုလေ့လာ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Exhibition Centre အတွင်း လှည့်လည်၍ လင်းကန်အထူးဇုန်၏ နယ်မြေအကျဉ်းချုပ်နှင့် ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ ရေနက်ဆိပ်ကမ်း တည်ဆောက်ထားရှိမှုနှင့် လင်းကန်စက်မှုဇုန် တည်ဆောက်ထားရှိမှု မြေပုံ ပုံစံငယ်များ၊ Tesla ကုမ္ပဏီနှင့် Shanghai Motor တို့ ပူးပေါင်းဆောင်ရွက်မှုများ၊ အာကာသနည်းပညာစက်ပစ္စည်းများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**နိုင်ငံတကာအသိအမှတ်ပြု**

အဆိုပါ လင်းကန်အထူးဇရိယာသည် ဂျင်ဟွေဆိပ်ကမ်း၏အရှေ့ဘက် ရှောင်ရန်ရှန်း (Xiaoyangshan) ကျွန်းနှင့် ဖူတုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၏ တောင်ဘက်တွင်တည်ရှိပြီး စုစုပေါင်းဇရိယာ ၈၁၉ စတုရန်းကီလိုမီတာရှိကြောင်း၊ အထူးဇရိယာသည် နိုင်ငံတကာအသိအမှတ်ပြု လွတ်လပ်သောကုန်သွယ်ရေးဇုန်ဖြစ်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလည်ပတ်မှုနှင့် ကုန်ပစ္စည်းတင်သွင်းတင်ပို့မှုများကို လွယ်ကူချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးကွန်ရက်ကို လုပ်ဆောင်ပေးသည့်ဒေသဖြစ်ကြောင်း၊ အထူးဇရိယာအတွင်း နန်ဟွေမြို့သစ်၊ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်၊ ရှောင်ယန်ရှန်ကျွန်းနှင့် ပူတုန်လေဆိပ်၏တောင်ဘက် ဇရိယာတို့သည်


*စာမျက်နှာ ၇ သို့*



**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဟန်ကျိုးမြို့ Hangzhou East Railway Station ၌ ဟန်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် ကျဲ့ကျန်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်က ခေတ္တတည်းခိုလျက်ရှိသည့် ဟန်ကျိုးမြို့ Huajia Shanzhuang ဟိုတယ် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျဲ့ကျန်းပြည်နယ် ပါတီအတွင်းရေးမှူးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် (State Visit) လာရောက်မှုအပေါ် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် ကျဲ့ကျန်းပြည်နယ်တွင်နေထိုင်သည့် ဒေသခံလူဦးရေ ၆၇ သန်းကျော်ကိုယ်စား အဆွေတော်သမ္မတကြီးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း၊ မိမိတို့ သမ္မတကြီးအနေဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို လွန်စွာအလေးထားပြီး အဆွေတော်သမ္မတကြီးနှင့် မိမိတို့သမ္မတကြီးတို့သည် တွေ့ဆုံဆွေးနွေးမှု များစွာကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ကျဲ့ကျန်းပြည်နယ်သို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်သည်ဟု မိမိအနေဖြင့် သိရှိရပြီး ပြည်နယ်ဆိုင်ရာ အချက်အလက်များကို တင်ပြလိုပါကြောင်း၊ ကျဲ့ကျန်းပြည်နယ်သည် သွင်းကုန်၊ ထုတ်ကုန်ပမာဏကြီးမားသည့် ဒေသဖြစ်ပြီး ဆန်းသစ်တီထွင်မှု အရည်အသွေးမြင့်မားသည့် လုပ်ငန်းပေါင်းများစွာကိုလည်း ပိုင်ဆိုင်ထားရှိကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားကောင်းသည့် ဒေသဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် အားကောင်းလာလျက်ရှိပြီး ကျဲ့ကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံအကြား၌လည်း စီးပွားရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာလျက်ရှိပါကြောင်း၊ မိမိတို့ကျဲ့ကျန်းပြည်နယ် အစိုးရအနေဖြင့် နှစ်နိုင်ငံအကြား သဘောတူညီချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေး အတွက်လည်း လိုအပ်သည့် တွေ့ဆုံဆွေးနွေးမှုများနှင့် ကူးလူးဆက်ဆံခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုများနှင့် သာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိသည့် ကျဲ့ကျန်းပြည်နယ်သို့ လာရောက်လေ့လာခွင့် ရရှိသည့်အတွက်လည်း ဝမ်းမြောက်မိကြောင်း၊ အချိန်အခါနှင့် ခေတ်စနစ်များ မည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ နှလုံးသားချင်းနီးစပ်မှသာ ကျန်သည့်ကဏ္ဍများတွင်လည်း ပိုမိုနက်ရှိုင်းသည့် ယုံကြည်မှုများကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**❒ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာကဏ္ဍ၊ အထည်အလိပ်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် လက်ဖက်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကျဲ့ကျန်းပြည်နယ်ပါတီ အတွင်းရေးမှူးတို့သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာကဏ္ဍ၊ အထည်အလိပ်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် လက်ဖက်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး တို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြပြီး ကျဲ့ကျန်းပြည်နယ် ပါတီအတွင်းရေးမှူးမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။(အပေါ်ပုံ) **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

စမ်းသပ်ဇရိယာများဖြစ်လာမည်ဖြစ်ပြီး နန်ဟွေမြို့သစ်သည် အလယ်ဗဟိုတွင် Dishui ရေကန်ပါရှိသော စက်ဝိုင်းပုံမြို့ဖြစ်လာမည်ဖြစ်ကြောင်း၊ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်သည် နိုင်ငံတော်အဆင့် စက်မှုဇုန်ဖြစ်ပြီး ကြီးမားသော စက်ပစ္စည်းကိရိယာများကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ရှောင်ယန်ရှန်ကျွန်းသည် လွတ်လပ်သောကုန်သွယ်ရေးဇုန်၏ ပံ့ပိုးမှုဖြင့် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ပို့ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့်ဇုန်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ Hongqiao Railway Station မှ ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် ရှန်ဟိုင်းမြို့မှ ဟန်ကျိုးမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ ရထားပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများ၊ Green Energy အသုံးပြုထားရှိမှုများ၊ မြို့ပြအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရထားလမ်းတစ်လျှောက် သာယာလှပမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ ရောက်ရှိကြရာ ဟန်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အိမ်မြင်ပဲ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

---

❑ *ရှေ့ဖုံးမှ*

အားလုံး ကျန်းမာရေးကောင်းမွန်သဖြင့် ဇွန် ၁၂ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်သည်။

အဆိုပါခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင်သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ရှစ်ဦး စုစုပေါင်း ၃၃ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများကျန်းမာရေးအတွက် ကုန်ကျစရိတ်သက်သာစေရေး ပြည်တွင်း၌ပင် ခြင်ဆီအစားထိုး ကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မိုးကောင်းမြို့နယ်ရှိ ချောင်းကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ ကြိုတင်သတိပြု

**နေပြည်တော် ဇွန် ၁၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့်အနာဂတ်သို့ ဦးတည်

## သိဃ်သူ

*(ယမန်နေ့မှအဆက်)*

"မိမိတို့ အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရေး မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးတိုးမြှင့်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း" တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Li Qiang နှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထိုနေ့နံနက်ပိုင်းတွင် တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင်နှင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကျိုးကို ရည်သန်သည့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၈ ခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက သမ္မတနှစ်ဦး ရှေ့မှောက်တွင် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ပြီးဖြစ်သည်။ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ်တို့၏ တွေ့ဆုံဆွေးနွေးမှုစတင်ရာ နှစ်နိုင်ငံအကြား ဆက်ဆံမှု ပိုမိုနက်ရှိုင်းစေရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်တံ့စေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးလိုပါကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ် Mr. Li Qiang က ဦးစွာဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ယနေ့ဆွေးနွေးမှုမှတစ်ဆင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ကဏ္ဍအပါအဝင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ ကာလရှည်ကြာစွာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကို ထိန်းသိမ်းခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့၏ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းသည့် အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်မှုအဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာပြုရသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတနှင့် တရုတ်ဝန်ကြီးချုပ်တို့၏ တွေ့ဆုံဆွေးနွေးပွဲမှာ အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်သည်နှင့်အညီ ခင်မင်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းရေးကို ဦးတည်သည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍစုံတွင် မြှင့်တင်ရေး၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဖြတ်ကျော် တရားဥပဒေစိုးမိုးရေး၊ လျှပ်စစ်စွမ်းအင်ကိစ္စ၊ ငလျင်ဒဏ်ခံ ပြန်လည်ထူထောင်ရေး ကိစ္စတို့တွင် တရုတ်နိုင်ငံက ကူညီမှုများပြုနိုင်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်း အရှိန်အဟုန်မြှင့်တင်ရေးတို့ကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယင်းနေ့ မွန်းလွဲပိုင်းတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) ရှိ ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

မစ္စတာ ကျောက်လဲ့ကျိုနှင့်လည်း The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကာ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်နှင့် မြန်မာ့လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် အပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ်ခဲ့သည်။

ဇွန်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ၏ ရလဒ်ဖြစ်သော နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ထုတ်ပြန်လိုက်သည်။ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်" (၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်) ဟူ၍ ခေါင်းစဉ်၌ ဖော်ပြထားသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် High-Speed Railway G23 ပေါ်၌ ခရီးသည်များ သက်သောင့်သက်သာဖြင့် ခရီးသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားမှုကို လေ့လာစဉ်။

ပူးတွဲကြေညာချက်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို စောင့်ထိန်းရန်၊ တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုလက်ဆင့်ကမ်း သယ်ဆောင်ရန်၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုကို ဆက်လက်မြှင့်တင်ရန်၊ နှစ်နိုင်ငံ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများ ဖော်ဆောင်ပေးရန် သဘောတူညီခဲ့ကြသည်ဟူ၍ ပါရှိသည်မှာ မှတ်သားဖွယ်ကောင်းသည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့ခြင်းနှင့် နိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရန် ကြိုးပမ်းနေမှုများအပေါ် တရုတ်နိုင်ငံက ကြိုဆို၊ ထောက်ခံပြီး ပံ့ပိုး ကူညီသွားမည့် အချက်များလည်း ကြေညာချက်တွင် ပါဝင်သည်။

မြန်မာနိုင်ငံက အစဉ်တစိုက် ထောက်ခံခဲ့သည့် "တရုတ်နိုင်ငံ တစ်နိုင်ငံတည်း" မူဝါဒကို ထပ်လောင်းကတိပြုခဲ့ပြီး မည်သည့်ပုံစံဖြင့်မဆို ပြုလုပ်သည့် "ထိုင်ဝမ်လွတ်လပ်ရေး" ဆောင်ရွက်မှုများကို ဆန့်ကျင်ကြောင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ ၏ အာဏာသက်ရောက်မှုသည် အငြင်းပွားဖွယ်ရာ မရှိကြောင်း၊ နိုင်ငံပြန်လည်ပေါင်းစည်းရေး တရုတ်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်အားလုံးကို ခိုင်မာစွာပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်၊ ရှင်ကျန်းနှင့် ရှီးကျန့်တို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို တရုတ်နိုင်ငံ၏ ပြည်တွင်းရေးအဖြစ်မှတ်ယူပြီး ယင်းကိစ္စများအပေါ် တရုတ်နိုင်ငံ၏ တရားမျှတသော ရပ်တည်ချက်များကို ခိုင်မာစွာ ပံ့ပိုးကူညီသွားမည်ဟု ပါရှိပြီး ၎င်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံကလည်း များစွာတန်ဖိုးထား အသိအမှတ်ပြုကာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံဆုံးဖြတ်ချက်အမှတ် ၂၇၅၈ ဆိုသည်မှာ ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် အတည်ပြုခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုလသမဂ္ဂ ကိုယ်စားပြုခွင့်ဆိုင်ရာ သမိုင်းဝင် ဆုံးဖြတ်ချက်ဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ကိုယ်စားလှယ်များသာလျှင် ကုလသမဂ္ဂတွင် တစ်ခုတည်းသော တရားဝင် ကိုယ်စားလှယ်များဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်လာသည်။ ချန်ကေရှိတ်၏ ထိုင်ဝမ်ကိုယ်စားလှယ်များမှာ ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံ အဖွဲ့အစည်းအားလုံးမှ ချက်ချင်းဖယ်ရှားခံခဲ့ရသည်။

နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ခြုံငုံကြည့်မည်ဆိုပါက တရုတ်-မြန်မာ နှစ်နိုင်ငံကြား အပြန်အလှန်အသိအမှတ်ပြုမှု၊ ကူညီမှု၊ တန်းတူညီမျှ အလေးထားမှု၊ ဘုံအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုတို့အပြင် ဗဟုဝင်ရိုးကမ္ဘာ (Multipolar world) အခင်းအကျင်းသစ်နှင့် ပိုမိုအဆင့်မြင့်လာသည့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများနှင့် မျှော်လင့်ချက်အသစ်များ စသည်တို့ကို တွေ့ရှိနိုင်သည်။ မိမိတို့နိုင်ငံ၏ ဖြည့်ဆည်းရန်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

လိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တည်း တစ်ဝမ်းတည်း အားထုတ်ကြိုးပမ်း အလုပ်လုပ်ကြရန် ဖြစ်သည်။

ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) သို့ သွားရောက်လေ့လာကာ ပေကျင်းမြို့ South Railway Station မှ ရှန်ဟိုင်းမြို့ Hongqiao Railway Station သို့ မြန်နှုန်းမြင့်ရထား High- Speed Rail G23 ဖြင့် ထွက်ခွာသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ရှန်ဟိုင်းမြို့ မြို့တော်ဝန် မစ္စတာ ကုန်းကျန့် လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

တရုတ်နိုင်ငံ၏ ရထားလမ်းကွန်ရက်စနစ်မှာ ကမ္ဘာပေါ်တွင် ခရီးမိုင်အရှည်ဆုံးနှင့် အဆင့်အမြင့်ဆုံးဖြစ်သည်။ စုစုပေါင်း ရထားလမ်းကွန်ရက်အရှည် ကီလိုမီတာ ၁၆၀၀၀၀ ကျော်ရှိပြီး ၎င်းအနက်မှ ခေတ်မီ မြန်နှုန်းမြင့်ရထားလမ်းပိုင်းများမှာ ကီလိုမီတာ ၄၀၀၀၀ ကျော်အထိ ရှိနေသည်။ မြန်နှုန်းမြင့်ရထားများမှာ ပုံမှန် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ မှ ၃၅၀ အထိ မောင်းနှင်နိုင်ပြီး အချို့လမ်းပိုင်းများတွင် ကီလိုမီတာ ၄၀၀ ကျော်အထိပင် မောင်းနှင်နိုင်သည်ဟု သိရသည်။ မြို့ကြီးများရှိ ရထားဘူတာကြီးများမှာ နိုင်ငံတကာ လေဆိပ်ကြီးများကဲ့သို့ ခေတ်မီကြီးကျယ်ခမ်းနားကြပြီး ခရီးသည်များကလည်း ရထားကို အားထားသွားလာကြသည်။ နိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုး စသည့် မြို့ကြီးများသာမက ဝေးလံဒေသ မြို့ငယ်ကျေးလက်များအထိ ရထားလမ်းကွန်ရက်များ ချိတ်ဆက်ထားရာ အချိန်မကုန်၊ လူမပန်းဘဲ လိုရာခရီး ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှန်ဟိုင်းမြို့၏ ညပိုင်းမြို့ပြဖွံ့ဖြိုးတိုးတက်မှု အလှများကို ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်သမ္မတ၏ ပေကျင်း-ရှန်ဟိုင်း မြန်နှုန်းမြင့်ရထားခရီးစဉ်က လက်ရှိ မိမိတို့နိုင်ငံတွင် အဆင့်မြင့်တင်နေသည့် မြန်မာ့ရထားစနစ်နှင့် ရထားလမ်းကွန်ရက်များပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိလာနိုင်သည်ဟု မျှော်လင့်ရသည်။ တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်ကြီးတစ်ခုလုံးတွင် မြန်မာနိုင်ငံအနေဖြင့် အတုယူဖွယ်ရာများရှိနေသည်။ နိုင်ငံတော်သမ္မတက စိတ်ဝင်တစားမေးမြန်းလေ့လာမှုများပြုသလို ခရီးစဉ်တွင်ပါရှိလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများကိုလည်း လမ်းညွှန်မှာကြားမှုများ ပြုသည်။ ပေကျင်းနှင့် ရှန်ဟိုင်းကြားမှာ ၁၃၁၈ ကီလိုမီတာ (၈၁၈ မိုင်) ကွာဝေးပြီး မြန်နှုန်းမြင့်ရထားဖြင့် ခုတ်မောင်းချိန်မှာ ပျမ်းမျှလေးနာရီခွဲမှ ငါးနာရီခွဲခန့်သာ ကြာမြင့်ရာ လက်ရှိမြန်မာနိုင်ငံတွင် ပြေးဆွဲလျက်ရှိသော ခေတ်အမီဆုံး DEMU ရထားများထက် သုံးဆမှ လေးဆခန့်ထိ ပိုသောအမြန်နှုန်းဖြင့် ရန်ကုန်-မန္တလေးထက် နှစ်ဆဝေးသောခရီးကို ရန်ကုန်-မန္တလေး ခုတ်မောင်းချိန်၏ ထက်ဝက်ခန့် ခုတ်မောင်းချိန်ဖြင့် ရောက်ရှိနိုင်ခြင်း ဖြစ်သည်။

**ရှန်ဟိုင်းမြို့ပြ အလှများ လေ့လာကြည့်ရှု**

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ Hongqiao Railway Station သို့ရောက်ရှိကြရာတွင် ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုမည့် Fairmont Peace ဟိုတယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရှန်ဟိုင်းမြို့ မြို့တော်ဝန် မစ္စတာ ကုန်းကျန့်က Fairmont Peace ဟိုတယ် Peace ညှိနှိုင်းခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ နိုင်ငံတော်သမ္မတနှင့် ရှန်ဟိုင်းမြို့တော်ဝန်တို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါ၍ ရှန်ဟိုင်းမြို့၊ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက် သင်္ဘောဖြင့် စီးနင်းလိုက်ပါကာ ရှန်ဟိုင်းမြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှု အလှများကို လေ့လာကြည့်ရှုကြသည်။

ကမ်းတစ်ဖက်တွင် ဂန္ဓဝင်ဆန်သော အလှများနှင့် ရှန်ဟိုင်းမြို့ဟောင်း၊ အခြားကမ်းတစ်ဖက်တွင် ခေတ်မီဆန်းပြားသော ဗိသုကာလက်ရာများနှင့် လင်းလက်တောက်ပနေသည့် ဖူးတုံးဧရိယာ။ ကမ်းနှစ်ဖက်မှ ရောင်စုံမီးများ၏ အလင်းရောင်များက ဟွမ်းဖုမြစ်ထဲတွင် တလက်လက် တောက်ပနေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့များရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဇွန် ၁၈**

ချင်းပြည်နယ်အတွင်းရှိ တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့များတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးလုပ်ငန်းများတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းသုံး/ရုံးသုံး ပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများနှင့် အခြားကူညီထောက်ပံ့ရေး ပစ္စည်းများကို ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထပ်မံပို့ဆောင်ပေးလျက်ရှိသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများနှင့်ကုန်ပစ္စည်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် ဇွန် ၁၇ ရက် ညပိုင်းတွင် တီးတိန်မြို့နှင့် ဖလမ်းမြို့များသို့လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် တွန်းဇံမြို့သို့ လည်းကောင်း ရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပြီး ရောက်ရှိလာသည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## လှိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်



**လှိုင် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ဇွန် ၁၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို မြို့နယ်ဦးစီးမှူး၊ လဝကမှူး ဒေါ်ဝင်းဝင်းစိုး ဦးဆောင်သောအဖွဲ့(၁)က ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**



## ဇေယျာသီရိမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းအမှတ်စဉ် (၂/ ၂၀၂၆) ဖွင့်

**နေပြည်တော် ဇွန် ၁၈**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံ သင်တန်းအမှတ်စဉ် (၂/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက သင်တန်းသားသင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ အတွေ့အကြုံကောင်းများကို ပေါင်းစပ်ပြီး မိမိတို့၏ ရပ်ရွာ၊ ရပ်ကွက်မှသည် တိုင်း/ ခရိုင်/ မြို့နယ် အဆင့်ထိသက်ဆိုင်ရာ နယ်ပယ်ကဏ္ဍ အလိုက် ထိရောက်စွာ ပြန်လည်အသုံးချပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာအောင် အကောင်းဆုံးစီမံဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဇေယျာသီရိမြို့နယ်အတွင်းမှ သင်တန်းသားသင်တန်း သူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ပြင်ဦးလွင်မြို့ ရတနာပုံမြို့သစ် ဆိုက်ဘာစီးတီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် ဆိုက်ဘာစီးတီး ဧရိယာရှိ မြေကွက်လပ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ရတနာပုံဆိုက်ဘာစီးတီးရှိ စက်ရုံများမှဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ပျိုးပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက ပျိုးပင်များကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့တွင် အရိပ်ရလေကာပင် ၂၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်း ကျင်းပပြီး စုစုပေါင်းပျိုးပင် ၃၇၇၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။



သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ဘူတာ ဒီဇယ်စက်ခေါင်းပြင်ရုံ အတွင်းထားရှိသည့် ပြင်ဦးလွင်-ဂုတ်ထိပ်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် ဒီဇယ်လျှပ်စစ် စက်ခေါင်းများ၊ RBE တွဲများ၊ စင်းလုံးငှား ရေနွေးငွေ့စက်ခေါင်းနှင့် RGCတွဲများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့နယ်များရှိ တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့နယ်များရှိ ဝါ၊ ဆီထွက်သီးနှံနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာ ကွင်းအမှတ် (၁၁၆၇)ရှိ တောင်သူ ဦးကျော်မွေး၏ ဝါစမ်းသပ်စိုက်ခင်း၌ ဝါစိုက်တောင်သူများနှင့်လည်းကောင်း၊ ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ညောင်အိုင်ကျေးရွာနှင့် ပျော်ဘွယ်မြို့နယ် ချောင်းမကြီးကျေးရွာ နည်းပညာပေးစခန်း၌ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများနှင့်လည်းကောင်း၊ မိတ္ထီလာမြို့နယ် ကန်တောင်အုပ်စု ပုတိမ်ကုန်းကျေးရွာနှင့် တောမကျေးရွာရှိ နှမ်းသီးနှံ အထွက်တိုးရေးနည်းပညာပေး စံပြစိုက်ခင်း၌ ဒေသခံ တောင်သူများနှင့်လည်းကောင်း၊ ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်ဖြင့် ဆောင်ရွက်သည့် နွေစပါး (ပေါ်ဆန်း-၂) ဧက ၁၀၀ စိုက်ခင်း၌ ဒေသခံတောင်သူများနှင့်လည်းကောင်း၊ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ခရိုင်နှင့် မြို့နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံပြီး တောင်သူများ၏ တင်ပြချက်များကိုသက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး (၆)ကြိမ်မြောက် နိုင်ငံတကာခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ VDNH Exhibition Centre ၌ ၂၀၂၆ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၆)ကြိမ်မြောက် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် (၆) ကြိမ်မြောက် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဒီမစ်ထရီချယ်နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာမက်ဆင်ရီရှတ်နီကိုဗ်တို့က သဘာပတိများအဖြစ် ဆောင်ရွက်သော ဖိုရမ်မျက်နှာစုံညီစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁၁ ရက်တွင် ခရီးသွားလုပ်ငန်း၏ နိုင်ငံအပေါ်အရေးပါမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတွင် မဟာဗျူဟာအလားအလာများအား လေ့လာဖော်ထုတ်ခြင်း ဆွေးနွေးပွဲသို့ တရုတ်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ နီကာရာဂွာနိုင်ငံနှင့် အီရန်နိုင်ငံတို့မှ ခရီးသွားလာရေးဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရီးသွားပွဲတော်ရှိ ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ ခရီးသွားဆွဲဆောင်မှုဆိုင်ရာ ပြခန်းများကို ကြည့်ရှုလေ့လာပြီး ခရီးသွားပွဲတော်သို့ လာရောက်လည်ပတ်သည့် ရုရှားနိုင်ငံသားများနှင့် တိုက်ရိုက်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအခြေအနေများနှင့် အဓိက ခရီးစဉ်ဒေသများတွင် ဘေးကင်းလုံခြုံစွာ သွားလာလည်ပတ်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဇွန် ၁၆ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ကျိုင်းတုံမြို့၌ (၃၁)နှစ်မြောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



**ကျိုင်းတုံ ဇွန် ၁၈**

(၃၁)နှစ်မြောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ဇွန် ၁၅ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာက အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သွေးလှူဒါန်းခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိုးကောင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုးကောင်း ဇွန် ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဝေဘာလတောင်ခြေ ရွှေကျီးမြင်ဘုရားအနီးတွင် ဇွန် ၁၄ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများက ပျိုးပင် ၁၀၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**သန်းလွင်ဦး(ပြန်/ဆက်)**



ညောင်ရွှေမြို့၌ 11KV ဓာတ်အားလိုင်း (၀.၁၉)မိုင်အား ၁၂ မီတာ ကွန်ကရစ်တိုင် SAC 120MM2 ဖြင့် တည်ဆောက်ခြင်းနှင့် 11/0.4KV (200)KVA ထရန်စဖော်မာတစ်လုံး အသစ်တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိုးရနှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်လင်းတို့က ဇွန် ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

စိုင်းအယ်ဘဲ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



**နေပြည်တော် ဇွန် ၁၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အွန်လိုင်းလောင်းကစားတားဆီးနှိမ်နင်းရေး၊ ကျေးရွာအမည် ပေါက်ရရှိရေး၊ သတင်းတုသတင်းမှား ဖြန့်ဝေသူများအား တားဆီးအရေးယူနိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လမ်းအဆင့်မြှင့်တင်နိုင်ရေးနှင့် တံတားများ တည်ဆောက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း (၈) ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **မြန်မာပြည်အနှံ့ တရားမဝင်အွန်လိုင်း စလော့ဂိမ်းလောင်းကစားပြန့်ပွားနေမှုကို မည်သို့တားဆီးနှိမ်နင်းရန် စီမံထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူ က အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး၊ ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

အွန်လိုင်းလောင်းကစားမှုများကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဧပြီလအထိ တရားမဝင် အွန်လိုင်းလောင်းကစားဝက်ဘ်ဆိုဒ် (Websites) များနှင့် Application links များကို အော်ပရေတာများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကြည့်ရှု၍ မရနိုင်စေရန် IP Block ပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဧပြီလအထိ လောင်းကစားနှင့်ဆက်စပ်လျက်ရှိသည့် Facebook၊ Telegram၊ Viber စသည့် ပလက်ဖောင်းများပေါ်မှ Channel များနှင့် အကောင့်များကို ပိတ်သိမ်းနိုင်ခဲ့ပါကြောင်း။

လောင်းကစားငွေလွှဲပြောင်းမှုတွင် အဓိကအသုံးပြုနေသည့် Mobile Wallet များ တင်းကျပ်စွာစောင့်ကြည့်လျက်ရှိပြီး တရားမဝင် ငွေစာရင်းများဖွင့်လှစ်ရာတွင် အသုံးပြုသည့် မှတ်ပုံတင်မထားသော SIM ကတ်များကို အပြီးတိုင်ပိတ်သိမ်းရန် ဆက်သွယ်ရေးအော်ပရေတာများကို တင်းကျပ်စွာ စီမံထားရှိပြီး အွန်လိုင်းလောင်းကစားမှုများ လျော့ချစေရန်အတွက် နည်းပညာအသုံးပြု၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြေပြင်စီးနင်းရှာဖွေမှုနှင့် ဖမ်းဆီးနှိမ်နင်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအနေဖြင့် လောင်းကစားဂိမ်းဆိုင်များ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းဗဟိုချက်အသွင် လုပ်ကိုင်နေသည့် ရုံးခန်းများကို သတင်းရယူကာ ရှောင်တခင် ဝင်ရောက်စီးနင်းဖမ်းဆီးခြင်း၊ ပစ္စည်းများနှင့် ငွေကြေးများသိမ်းဆည်းခြင်း၊ အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်ဂိုဏ်းများ အခြေစိုက်လေ့ရှိသည့် နယ်စပ်ဒေသများတွင် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းကာ နိုင်ငံဖြတ်ကျော်မှုခင်းနှိမ်နင်းရေးစီမံချက်များဖြင့် ဖမ်းဆီးခြင်း၊ တရားခံလွှဲပြောင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလောင်းကစားမှုများပပျောက်စေရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေး၏ **လယ်ဝေးမြို့နယ်ရှိ ကျေးရွာခွဲ ၂၆ ရွာသည် တရားမဝင်ကျေးရွာများကဲ့သို့ ဖြစ်နေပါသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်အမည် ပေါက်စာရင်းတွင် စိစစ်သတ်မှတ်ပေးရန် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက လယ်ဝေးမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာအနက် ၂၄ ရွာသည် သစ်တောကြိုးဝိုင်းများအတွင်း ကျရောက်လျက်ရှိပါကြောင်း၊ အဆိုပါသစ်တောမြေအတွင်း ကျရောက်နေသည့် ကျေးရွာ ၂၄ ရွာအား ပြည်ထဲရေးဝန်ကြီးဌာန အသိအမှတ်ပြုနိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထောက်ခံ၍ နိုင်ငံတော်သမ္မတထံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက သစ်တောမြေမှပယ်ဖျက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပယ်ဖျက်မိန့်ရရှိပါက ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **လူမှုကွန်ရက်အမျိုးမျိုးအားအသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် မမှန်သတင်းဖြန့်ချိနေသူများကို ဖော်ထုတ်အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် အနာဂတ်ဆောင်ရွက်မည့် အစီအစဉ်များ ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ က အကြမ်းဖက်သွေးထိုးလှုံ့ဆော်မှုနှင့် တိုင်းရင်းသားပြည်သူများ စိတ်ဝမ်းကွဲစေရန် လူမှုကွန်ရက်အမျိုးမျိုးကို အသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် နိုင်ငံ့ဂုဏ်သိက္ခာကျစေရန် မမှန်သတင်းများ ဖြန့်ချိနေသူများကို ၂၀၁၄ ခုနှစ်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀၊ ၅၂ နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က တို့အရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေး ကော်မတီကို ဖွဲ့စည်းပြီး အမှုဖွင့်အရေးယူခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများ တင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူ ဆောင်ရွက်နိုင်ရေးကော်မတီအနေဖြင့် တန်ပြန်ဆောင်ရွက်ခြင်း၊ တယ်လီဖုန်းနံပါတ်နှင့် ဘဏ်အကောင့်မှတ်တမ်းများကို ပိတ်သိမ်းခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **တရားဥပဒေစိုးမိုးရေးအတွက် မူဝါဒများ၊ အစီအမံများ၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးစနစ်များတိုးမြှင့် ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးပညာပေး ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်အခွင့် အလမ်းဆိုင်ရာ ဆောင်ရွက်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ပေးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ က တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ပြန်လည်တိုးမြှင့်နိုင်ရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ပြည်သူ့ လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ပုံမှန်လုံခြုံရေးဆိုင်ရာလုပ်ငန်းများ၊ ထူးခြားဖြစ်စဉ်နှင့် မသင်္ကာဖွယ်ကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရယူခြင်း၊ နယ်မြေအလိုက်ဖြစ်ပွားလာနိုင်သည့် အရေးပေါ်အခြေအနေများကို အချိန်မီတုံ့ပြန်နိုင်ရန် ဆက်သွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးစနစ်များကို အဆင်သင့်ထားရှိခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်၊ သိုလှောင်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်း ပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်ကို အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးအတွက် နယ်မြေရဲကင်းစခန်းများ ဖွင့်လှစ်၍ နယ်မြေအတွင်း ကင်းလှည့်စောင့်ရှောက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်သူများ၊ အလားအလာရှိသူ လူဆိုးသူခိုးများ စောင့်ကြပ်ထိန်းသိမ်းခြင်း၊ ဒုစရိုက်မှုများနှိမ်နင်းခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်မှုခံယူလိုသည့် လူငယ်များအတွက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုဖွင့်လှစ်ပြီး စခန်းအခြေပြုပြန်လည် ထူထောင်ရေးသင်တန်းများအပြင် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်မှု ခံယူပြီးသော သင်တန်းသားများအား ပြန်လည်ထူထောင်ရေးဦးစီးဌာန၌ လစ်လပ်ရာထူးများတွင် ပညာအရည်အချင်းအပေါ်မူတည်၍ ဝန်ထမ်းအဖြစ် ခန့်အပ်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ **မိုင်းနောင်လမ်းခွဲမှ လဲချားမြို့အထိ ၄၄ မိုင်ခန့်သည် လမ်းများပျက်စီးပြီး ကျဉ်းနေသဖြင့် လမ်းအကျယ် ၁၈ ပေခန့်ချဲ့ပေးရန်၊ လဲချားမြို့တွင်း ၂ မိုင်ခန့်အား နိုင်လွန်ကတ္တရာအဖြစ် အဆင့်မြှင့်ပေးပါရန်၊ လဲချားမြို့နှင့် ပင်လုံမြို့ကြား ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းတွင် လဲချားမြို့နယ်ပိုင်း ၁၃ မိုင်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဘတ်ဂျက်လုံလောက်စွာချပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုင်းနောင်လမ်းခွဲမှ လဲချားမြို့အထိ လမ်းပိုင်း ၄၆ မိုင် ၆ ဖာလုံအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ မြေညှိစက်ဖြင့် လမ်းပုံဖော်ခြင်းနှင့် ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့်အပိုင်းလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ၁၈ ပေအကျယ်ချဲ့ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လဲချားမြို့တွင်း ၂ မိုင်ကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းတို့ကို သတ်မှတ်ထားသည့်အတိုင်း အပိုင်းလိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လဲချားမြို့နှင့် ပင်လုံမြို့ ၁၂ မိုင်ကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းတို့ကို သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့နယ် နမ့်တိန် ချောင်းကူးတံတားဟောင်းနေရာတွင် သံကူကွန်ကရစ်တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့နယ်ရှိ နမ့်တိန်ချောင်းကူး ဘေလီတံတား အရှည်ပေ ၃၆၀ ကို ကြံ့ခိုင်မှုရှိစေရန်အတွက် တံတားပြုပြင်ခြင်းလုပ်ငန်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်နိုင်ရေးအတွက် ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများနှင့် တံတားအသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို တံတားအထူးအဖွဲ့များမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုနှင့် နယ်မြေအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ဘော်ဆိုင်းကျေးရွာအုပ်စုမှ ဟဲဟိုးမြို့သို့ အထွက် အကျယ် ၁၂ ပေ၊ အရှည် ၁၉ မိုင်ခန့်ရှိသော ကတ္တရာလမ်းမှာ ပျက်စီးနေသောကြောင့် အဆိုပါလမ်းအား အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စုမှ ဟဲဟိုးမြို့သို့ အထွက်လမ်းပိုင်းမှာ ၂၅ မိုင် ၇ ဖာလုံရှိပြီး အဆိုပါလမ်းပိုင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာလမ်းချဲ့ရန် အခြေခံလွှာချဲ့ခင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ လမ်းပခုံးပြုပြင်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ သတ်မှတ်အပိုင်းလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၁၈ ပေ အကျယ်ချဲ့ရန် ကျန်ရှိသော ၁၈ မိုင် ၂ ဖာလုံအနက် ၁ မိုင် ၂ ဖာလုံမှာ ဟဲဟိုးလေယာဉ်ကွင်းပြေးလမ်းတိုးချဲ့မည့် လျာထားလမ်းကြောင်းတွင် ပါဝင်နေသည့် အတွက် ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ်ထားရှိမည်ဖြစ်ပြီး ကျန် ၁၇ မိုင်အား ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်းတွင် လျာထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့တောင်ဘက် သာစည်-ညောင်ရမ်း လမ်းပေါ်ရှိ အရှည်ပေ ၁၂၀၊ အကျယ် ၁၈ ပေရှိ ပျက်စီးနေသော ဉာဏ်ကန်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သာစည်မြို့တောင်ဘက် သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ ဉာဏ်ကန်တံတားအား လက်ရှိအခြေအနေအရ တံတားအောက်ထည်နှင့် သံပေါင်ယက်မများ ကြံ့ခိုင်မှုရှိနေပါသဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး တံတားအပေါ်ထည်ကြမ်းခင်းနှင့် လက်ရန်းအစားထိုး လဲလှယ်ခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေး လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇွန် ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ




**နေပြည်တော် ဇွန် ၁၈**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးရှာမွေလရှဲန်၏ **ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ဝန်းဘိုကျေးရွာသို့ ဖောက်လုပ်ထားသော မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်အော် - ဝန်းဘို - နမ့်ကျန်း - ဖားခေါ်ကျေးရွာချင်းဆက် မြေသားလမ်းသည် အရှည် ၅/၀ မိုင်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးထားသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် မြေပြင်တွင် အကျယ် ၁၂ ပေခန့်သာရှိသဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးရွာ လေးရွာမှ အိမ်ခြေ ၂၅၆ အိမ်နှင့် လူဦးရေ ၁၆၄၅ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်သည်ကို စိစစ်သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်အော်-ဝန်းဘို-နမ့်ကျန်း-ဖားခေါ်ကျေးရွာချင်းဆက်မြေသားလမ်း ၅/၀ မိုင်အား အဆင့်မြှင့်တင်နိုင်ရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်ဌေး၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်များရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လစာထုတ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ်၊ ဂန့်ဂေါဘဏ်ခွဲသည် ယခုအခါ ပခုက္ကူခရိုင်ဘဏ်ခွဲထံမှ ဘဏ္ဍာငွေ သယ်ယူခဲ့ပြီးဖြစ်သဖြင့် ၂၀၂၆ ခုနှစ် ဧပြီလအတွက် အငြိမ်းစားဦးရေ ၄၇၈ ဦး၊ ငွေကျပ် (၈၄ ဒသမ ၈၂၃) သန်း၊ ၂၀၂၆ ခုနှစ် မေလအတွက် အငြိမ်းစား ဦးရေ ၁၈၁၄ ဦး၊ ငွေကျပ်(၁၀၆၆ ဒသမ ၀၇၃) သန်းအား ငွေသားဖြင့်ထုတ်ပေးခြင်း၊ အငြိမ်းစား ၄၇၀ အား Myanmar Mobile Money (MMM) စနစ်ဖြင့် အငြိမ်းစားလစာ လွှဲပြောင်းထုတ်ယူခြင်းများ ဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်၊ ထီးလင်းဘဏ်ခွဲအနေဖြင့် လတ်တလောတွင် ဘဏ္ဍာငွေသယ်ယူနိုင်ခြင်း မရှိသေးသော်လည်း လက်ကျန်ဘဏ္ဍာငွေများမှ ၂၀၂၆ ခုနှစ် ဧပြီလအတွက် အငြိမ်းစားဦးရေ ၁၁၉ ဦး၊ ငွေကျပ် (၁၅၃ ဒသမ ၁၃) သန်းအားလည်းကောင်း၊ ၂၀၂၆ ခုနှစ် မေလအတွက် အငြိမ်းစား ဦးရေ ၁၃၇ ဦး၊ ငွေကျပ် (၁၅၂ ဒသမ ၁၂၈) သန်းအားလည်းကောင်း ထုတ်ပေးခဲ့ပါကြောင်း။

အလားတူ မြန်မာ့စီးပွားရေးဘဏ်၊ ဆောဘဏ်ခွဲအနေဖြင့် လတ်တလောတွင် ဘဏ္ဍာငွေ သယ်ယူနိုင်မှု မရှိသေးသော်လည်း လက်ကျန်ဘဏ္ဍာငွေများမှ ၂၀၂၆ ခုနှစ် မတ်လအထိ အငြိမ်းစားဦးရေ ၁၉၈ ဦး၊ ငွေကျပ် (၉၁ ဒသမ ၇၆၉) သန်း ထုတ်ပေးခဲ့ပါကြောင်း၊ ပခုက္ကူမြို့တွင် သွားရောက်နေထိုင်သည့် ဆောဘဏ်ခွဲမှ အငြိမ်းစား ၁၀၃ ဦးက ပခုက္ကူဘဏ်ခွဲတွင် ဆန္ဒအလျောက် အငြိမ်းစားလစာထုတ်ယူလိုကြောင်း တင်ပြလာသဖြင့် ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ ဒေသနေအငြိမ်းစားများ၏ အငြိမ်းစားလစာများ အခက်အခဲမရှိ ထုတ်ပေးနိုင်ရေးအတွက် ဘဏ်လက်ကျန်ငွေများမှ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသပြင်ပတွင် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်ကို အသုံးပြု၍လည်းကောင်း၊ ငွေလွှဲပို့သည့် နည်းလမ်းများ အသုံးပြု၍လည်းကောင်း ထုတ်ယူနိုင်ပါကြောင်း၊ ဒေသတွင်း အင်တာနက်လိုင်း ကောင်းမွန်စွာရရှိပါက Centralized E-Pension စနစ်တွင်းသို့ ထည့်သွင်း၍ အငြိမ်းစားလစာများ ထုတ်ယူရာတွင် ယခုထက် ပိုမိုအဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **တောင်သူလယ်သမားတစ်ဦး၏ စိုက်ပျိုးစရိတ်ချေးငွေအား တစ်ဧကလျှင် ချေးငွေတစ်သိန်းခွဲ ချေးပေးခဲ့ရာမှ တစ်ဧကလျှင် ချေးငွေ ငါးသိန်းနှင့်အထက် တိုးမြှင့်ချေးပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နိုင်ငံတစ်ဝန်းရှိ တောင်သူများသို့ ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်သီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ပါကြောင်း။

ယခုအခါ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်ကထက် ပျမ်းမျှ နှစ်ဆဖြင့် စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်အတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၂၀၂၆ ခုနှစ် မေလ ၁၂ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိပြီး အတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လုံးတွင်မှ ၅ ရာခိုင်နှုန်းသာဖြစ်၍ သက်သာသောနှုန်းထား ဖြစ်ပါကြောင်း။

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် တောင်သူများပိုင်ဆိုင်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မူရင်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဘဏ်သို့အာမခံ(အပေါင်)အဖြစ် ပေးအပ်ပြီး တောင်သူတစ်ဦးချင်း အာမခံသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်ချေးငွေ ထုတ်ချေးရာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)အား အရောင်းအဝယ်ပြုလုပ်ထားသည့်အတွက်ကြောင့်ဖြစ်စေ၊ အမွေဆက်ခံရရှိထားသည့်အတွက်ကြောင့်ဖြစ်စေ (ပုံစံ-၇) အမည်ပေါက်မဟုတ်သည့် တောင်သူများအတွက် တစ်နှစ်အတွင်း (ပုံစံ-၇)အမည်ပေါက် ပြောင်းလဲရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ဖြင့် ချေးငွေထုတ်ချေးပေးမှု ဖြေလျှော့ပေးထားကြောင်း၊ သို့ပါ၍ ယခုနှစ်မေလတွင် ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးပေးထားပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ငါးသိန်းအထက်ချေးပေးနိုင်ရန်အတွက် လတ်တလောတွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ရှိ မြို့များဖြစ်သော ဟင်္သာတ၊ ဇလွန်၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့များ၏ ရေမြုပ်ကိုင်းမြေများပေါ်တွင် တည်ရှိသည့် ကျေးရွာအုပ်စုများ၏ ကျေးရွာချင်းဆက်လမ်းများအား ရေမြုပ်ကွန်ကရစ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရေမြုပ်ကွန်ကရစ်လမ်းဆိုသည်မှာ ရေကြီးချိန်တွင် ရေအမြုပ်ခံပြီး ရေကျသွားလျှင် သွားလာရေးအတွက် ပြန်လည်အသုံးပြုနိုင်သော လမ်းအမျိုးအစား ဖြစ်ပါကြောင်း၊ လမ်းဖောက်လုပ်ရာတွင် ကိုင်းတောများအချို့ကို ခုတ်ထွင်ရသဖြင့် ဂေဟစနစ်ပျက်စီးနိုင်ပြီး လမ်းကြောင့် ရေတိုက်စားမှုပုံစံပြောင်းလဲပြီး လမ်းဘေးဝဲယာတွင် မြေပြိုခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ရေမြုပ်ကွန်ကရစ်လမ်းသည် ရေအောက်တွင် လနှင့်ချီနစ်မြုပ်နေရသည့်အတွက် ရေရှည် ရေဖိအားဒဏ်ခံနိုင်ရည်ရှိစေရန်အတွက် အောက်ခံမြေသားလွှာ၊ ဒု-အခြေခံလွှာတို့အား သတ်မှတ်ခံနိုင်ရည်အား ရရှိစေရန် ကွန်ကရစ် Grade အမြင့်သုံး ရသည့်အပြင် ရေစိမ့်မှုခံနိုင်သော ဓာတုဆေးရည် အသုံးပြုရပြီး ရေအားကြောင့် လမ်းအက်ကွဲမှုမဖြစ်စေရန် သံကူကွန်ကရစ် လမ်းလွှာများကို စနစ်တကျ ထည့်သွင်းဆောင်ရွက်ရသည့်အတွက် ပုံမှန်ကွန်ကရစ်လမ်းထက် ကုန်ကျစရိတ်မြင့်မားပါကြောင်း။

အဆိုပါလမ်းများသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းတွင် ပါဝင်မှုမရှိ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော လမ်းများအဖြစ် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ် ငါးမြို့နယ်မှ လမ်းခြောက်လမ်းအား ရေမြုပ်ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၀၅၅၀ (၁၀ ဒသမ ၅၅ ဘီလီယံ) ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍အဆိုပါမြစ်ဝကျွန်းပေါ်ဒေသများသည် ရေကြီးနစ်မြုပ်သည့် ဒေသဖြစ်သဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာခြင်း (Feasibility Study) အား ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောတွင် ရေမြုပ်ကွန်ကရစ်လမ်း ဆောင်ရွက်ပေးရန် မရှိသေးပါကြောင်းနှင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာခြင်း (Feasibility Study) ရရှိသည့် အစီရင်ခံစာအပေါ်၊ ရန်ပုံငွေရရှိမှုအပေါ် အခြေခံကာ ဒေသနှင့် ကိုက်ညီသောလမ်းကို ဦးစားပေးတင်ပြသည့်အတိုင်း လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပြာကတတ်ကျေးရွာအုပ်စုအတွင်းရှိ ပြာကတတ်-ဆင်လူးလမ်း ၄ မိုင် ၅ ဖာလုံ လမ်းပေါ်ရှိ ခနွယ်ရိုးတံတားအား အနီးစပ်ဆုံး ဘတ်ဂျက်သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဟင်္သာတမြို့နယ် ပြာကတတ်-ဆင်လူးလမ်းပေါ်ရှိ ခနွယ်ရိုးချောင်းကူးတံတားသည် ၁၉၉၅ ခုနှစ်တွင် ဒေသခံပြည်သူများ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သော အလျား ၆၅ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ၁၂ ပေရှိသော သစ်သားတံတား ဖြစ်ပါကြောင်း။

အဆိုပါသစ်သားတံတားအား အရှည်ပေ ၁၀၀၊ အကျယ်ပေ ၂၀ ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရန် လျာထားခဲ့ပါကြောင်း၊ သို့သော် တိုင်းဒေသကြီးအတွင်း ရန်ပုံငွေ ခွဲဝေရရှိမှုအခြေအနေ ပြည်သူ့အကျိုးပြုမှုဦးစားပေးအဆင့်အရ လောလောဆယ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ မြေပြင်ကွင်းဆင်းတွေ့ရှိချက်အရ ခန့်မှန်း နှစ်နှစ်ခန့် ဆက်လက်အသုံးပြုနိုင်သည်ကို တွေ့ရပါကြောင်း၊ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၁၁၀၀ (၁ ဒသမ ၁ ဘီလီယံ) ခန့်ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ၂၃ ရွာ၊ အိမ်ခြေ ၁၄၄၄ အိမ်၊ လူဦးရေ ၅၈၄၁ ဦးကို အကျိုးပြုမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ပေါင်းစပ်၍ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးအလိုက် ရွေးချယ်မှုတင်ပြအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြမည်ဖြစ်ပြီး ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ-ရုရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန် လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာ-ရုရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇဝနတို့အပါအဝင် အဖွဲ့ဝင် ၅ ဦး၊ **မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်စုမြတ်ဝေတို့အပါအဝင် အဖွဲ့ဝင် ၅ ဦး၊ **မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

*စာမျက်နှာ ၁၃ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် Nay Pyi Taw State Academy ၌ ကျင်းပသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် တက်ရောက်

**နေပြည်တော် ဇွန် ၁၈**

အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် Nay Pyi Taw State Academy ၌ ကျင်းပသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရန်နှင့် Gender Mainstreaming လုပ်ငန်းရပ်များမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များမှာ ကျား၊ မ ရေးရာအမြင် ထည့်သွင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြား လိုပါကြောင်း၊ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု အစီအစဉ်အနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ၊ ပဒေသာကပွဲ ပြုလုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးပွဲနှင့် စာတမ်းဖတ်ပွဲ ပြုလုပ်ခြင်းတို့များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ NSA က တာဝန်ရှိသူများနှင့် ကျောင်းသူ ကျောင်းသားများကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြများက မိတ်ဆက်ခဲ့ပြီး အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသမီးရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော် State Academy မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ရန်ကုန်မြို့ရှိ စာဆိုဗိမာန်နှင့် စာပေဗိမာန်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန်ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်ခဲ့မှုနှင့် အဆောက်အအုံအတွင်း စာအုပ်စာပေများ ခင်းကျင်းပြသထားမှုကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။



ထို့နောက် စာဆိုဗိမာန် အဆောက်အအုံအတွင်း အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုရပညာရှင်များ၏ ဓာတ်ပုံများနှင့် ကိုယ်ရေးအကျဉ်းများ ခင်းကျင်းပြသထားသည့် ပြခန်း၊ နိုင်ငံတော်အဆင့်ဆုချီးမြှင့်ခဲ့မှုများ၊ စာပေဖွံ့ဖြိုးမှုဆောင်ရွက်ခဲ့မှုများ ပြခန်း၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်သမိုင်းဓာတ်ပုံများ ခင်းကျင်းပြသထားသည့် ပြခန်း၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေ စာပေဆုများ ချီးမြှင့်ခဲ့မှုများ ပြခန်း၊ ပခုက္ကူစာပေဆု ချီးမြှင့်ခဲ့မှုမှတ်တမ်း၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ချီးမြှင့်ခဲ့မှုမှတ်တမ်း၊ စာပေနှင့် ဆက်စပ်သော သဘင်ဆိုင်ရာ ခင်းကျင်းပြသထားသည့် ပြခန်း၊ စာပေနှင့် ဆက်စပ်သော ဂီတဆိုင်ရာများ ခင်းကျင်းပြသထားသည့် ပြခန်း၊ စာပေနှင့် ဆက်စပ်သောရုပ်ရှင်နှင့် ဆိုင်သော ခင်းကျင်းပြသထားသည့် ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျောက်တံတားမြို့နယ်ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် စာကြည့်တိုက်သို့ ရောက်ရှိပြီး စာပေဗိမာန်စာအုပ် အရောင်းဆိုင်အတွင်း စာအုပ်များ ခင်းကျင်းပြသရောင်းချနေမှု၊ စာပေဗိမာန် စာကြည့်တိုက် အဟောင်းအတွင်း စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တစ်ချိန်က စာပေဗိမာန် အပေါ် လူငယ်များ တန်ဖိုးထားခဲ့ပြီး အသင်းဝင်များ တိုးပွားလာခဲ့ကြောင်း၊ အသင်းဝင်တိုးပွားရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စာပေဗိမာန်မှ ထုတ်ဝေသည့် စာအုပ်စာပေများသည်လည်း လူငယ်များအတွက် အကျိုးရှိသည့် စာအုပ်စာပေများဖြစ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကလေးမြို့၌ မိုးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း အသိပညာပေးဆွေးနွေး

**ကလေး ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေကြွယ်ဝင်းက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ကြရမည့် နည်းလမ်းများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မာန်အေးက သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းများကို ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျေးရွာသစ်တော ထင်းမျှောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့

*စာမျက်နှာ ၁၂ မှ*

အမှတ်(၁) ဦးရန်ခီဖုန်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင်အေးတို့အပါအဝင် အဖွဲ့ဝင် ၅ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန်လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့်အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီ၊ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီတို့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးခင်ဇော်ထွန်းက တောင်သူလယ်သမားရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးချစ်ဝေနှင့် အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးခင်ဇော်ထွန်းတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် တောင်သူလယ်သမားရေးရာ ကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၃) ဒေါ်ထားထားနုက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်သိင်္ဂီဝင်းရွှေနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ထားထားနုတို့အပါအဝင် အဖွဲ့ဝင်၁၅ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးတင့်ဇော်က ပညာရေးမြှင့်တင်မှု ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါက်တာကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးတင့်ဇော်တို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် Football for School အစီအစဉ်ဖြင့် သင်တန်းသား သင်တန်းသူများ လေ့ကျင့်နေမှု လှည့်လည်ကြည့်ရှု



**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်တင်တင်ရီတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် Football for School အစီအစဉ်ဖြင့် သင်တန်းသား သင်တန်းသူများ လေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုသည်။ (ဓာတ်ပုံ)

ဦးစွာ ရှမ်းပြည်နယ် ကလောမြို့နယ် အားကစားကွင်း၊ အားကစားရုံများအခြေအနေနှင့် တောင်ကြီးမြို့နယ် ပြည်နယ်အားကစားကွင်း၌ Football for School အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘောလုံးအခြေခံသင်တန်းတွင် နည်းပြများက သင်တန်းသား သင်တန်းသူ ၃၀၀ ကို အခြေခံဘောလုံးနည်းစနစ်များ စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅)နှစ်အောက် ဘော်လီဘောအမျိုးသားပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင် ဘိုးဘွားရိပ်သာနှင့် မသန်စွမ်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ယမန်နေ့က ပြင်ဦးလွင်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ ချယ်ရီမြေဘိုးဘွားရိပ်သာ၌ ဘိုးဘွားရိပ်သာ အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဘိုးဘွားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

ထို့နောက် စစ်ကိုင်းခရိုင်လူမှုဝန်ထမ်းရုံး၊ စစ်ကိုင်းမူလတန်းကြိုကျောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း၊ မန္တလေးနားမကြားသောကလေးများကျောင်းနှင့် မန္တလေး မသန်စွမ်း သက်ငယ်သင်တန်းကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# တွန်းဇံမြို့သို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများနှင့် တိုက်ပွဲရှောင်ပြည်သူများ တီးတိန်မြို့သို့ ရောက်ရှိလာရာ လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်

**ဟားခါး ဇွန် ၁၈**

တွန်းဇံမြို့ကို တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီး ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် တိုက်ပွဲရှောင်ပြည်သူများမှာ ဇွန် ၁၇ ရက်တွင် ခေတ္တတိမ်းရှောင်နေကြသည့် ကလေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ယနေ့တွင် တီးတိန်မြို့သို့ ရောက်ရှိလာကြရာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြန်လည်တာဝန်ထမ်းဆောင်မည့် နိုင်ငံ့ဝန်ထမ်း ၂၂၁ ဦးနှင့် ပြည်သူ ၅၀ စုစုပေါင်း ၂၇၁ ဦးသည် မော်တော်ယာဉ် ကိုးစီး၊ ဆိုင်ကယ် ၁၂၅ စီးဖြင့် ယနေ့နံနက်ပိုင်းတွင် တွန်းဇံမြို့သို့ ဆက်လက်ထွက်ခွာသွားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် စားသုံးဆီပိဿာ ၁၇၆၀၊ ဆန်အိတ် ၂၀၀၊ ဘီလပ်မြေ ၇၅ အိတ်၊ သွပ် ၁၃၉၅ ချပ်၊ သွပ်ရိုက်သံ သုံးဖာတို့ကို ယာဉ်တန်းဖြင့် တစ်ပါတည်း သယ်ယူသွားကြောင်း သိရသည်။

အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် စားသုံးဆီပိဿာ ၃၇၁၀၊ ဆန်အိတ် ၆၀၀၊ ဘီလပ်မြေအိတ် ၃၇၀၊ သွပ် ၄၈၉၆ ချပ်၊ သွပ်ရိုက်သံ ၁၆ ဖာ၊ သစ်ခွဲသား ၁၃ တန်ကိုလည်းကောင်း၊ တီးတိန်မြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် စားသုံးဆီ ပိဿာ ၆၉၀၊ ဆန်အိတ်၂၀၀၊ဘီလပ်မြေ၇၅ အိတ်၊ သွပ် ၄၆၅ ချပ်၊ သွပ်ရိုက်သံတစ်ဖာကိုလည်းကောင်း သက်ဆိုင်ရာမြို့များသို့ တစ်ပြိုင်တည်း ဖြန့်ခွဲပေးပို့ရောက်ရှိပြီး ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မအူပင်မြို့၌ မိုးစပါးစိုက်တောင်သူများသို့ သွင်းအားစုများပေးအပ်

**မအူပင် ဇွန် ၁၈**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ ရွှေငွေတိုးကုမ္ပဏီနှင့် ပူးပေါင်း၍ သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေငွေတိုးကုမ္ပဏီ လီမီတက်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့နှင့် မြို့နယ်စိုက်တိုးမြှင့် ကော်မတီအဖွဲ့ တာဝန်ရှိသူများက တက်ရောက်လာသည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်**
**(ပြန်ဆက်)**

❖ *ကျောဖုံးမှ*

ရွှေရင်အေးစပါးနှင့် ရွှေအပ်စပါး မျိုးစေ့များကို ဖြန့်ဖြူးပေးအပ်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဒေါ်စန္ဒာလင်းက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြတ်လင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက မိုးဖြဲကျေးရွာအုပ်စုရှိ လယ်မြေဧက ၈၀၀ ကျော်နှင့် ကုန်းဆုံကျေးရွာအုပ်စုရှိ လယ်မြေဧက ၃၀၀ ကျော် စုစုပေါင်း ဧက ၁၂၁၂ ဧကအတွက် စပါးတင်း ၁၈၁၈ တင်းအား နေရပ်ပြန်မိုးစပါးစိုက်တောင်သူ ၆၂၄ ဦးထံ လက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ယခုပွဲစဉ်တွင် ရရှိခဲ့သော သွင်းဂိုးနှစ်ဂိုးကြောင့် နိုင်ငံတကာ သွင်းဂိုး ၈၁ ဂိုးအထိ ရှိလာပြီဖြစ်သည်။

နံနက် ၅ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဂါနာနှင့် ပနားမားအသင်းပွဲစဉ်တွင် ဂါနာအသင်းက ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ယီရင်းကီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဂါနာအသင်းသည် ပနားမားအသင်း၏ ဖိအားပေးကစားမှုအောက် အသင်းကစားပုံ ဟန်ချက်ပျက်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးအဖြစ် ပြောင်းလဲပြီး အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။


နံနက် ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဥဇဘက်ကစ္စတန်နှင့် ကိုလံဘီယာအသင်းပွဲစဉ်တွင် ကိုလံဘီယာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ကိုလံဘီယာအသင်းသည် ခံစစ်ပိုင်းကျစ်လျစ်မှုနှင့်အတူ အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းသေချာမှုတို့ကြောင့် ဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဇွန် ၁၇ ရက် ည ၁၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ပေါ်တူဂီနှင့် ကွန်ဂိုအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ **အောင်ဇော်**

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံ့ရွာ လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် လာပို့ကျေးရွာအထိ ပြန်လည်ထိန်းချုပ်

**နေပြည်တော် ဇွန် ၁၈**

တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး လမ်းပိုင်းတွင် တစ်ခုအပါအဝင် ဖြစ်သည့် ကလေးဝ - ယာကြီး - မုံ့ရွာ လမ်းကြောင်း တစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ကလေးဝ - ယာကြီး- မုံ့ရွာ လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ယင်းမာပင်နှင့် ပုလဲဒေသများအား ဦးစွာနယ်မြေတည်ငြိမ်အေးချမ်းအောင် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲကာ ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေးဝ - ယာကြီး- မုံ့ရွာ ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုနေရာပြမြေပုံ။

မှစတင်၍ နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် ရေလယ်ကျွန်းကျေးရွာအား လည်းကောင်း၊ ဇွန် ၃ ရက်တွင် ကျောက်လုံးကြီးတဲစုကျေးရွာအား လည်းကောင်း၊ ဇွန် ၆ ရက်တွင် ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာ ကျေးရွာတို့အား လည်းကောင်း၊ ဇွန် ၇ ရက်တွင် သစ်ရာပင်လမ်းဆုံအား လည်းကောင်း၊ ဇွန် ၈ ရက်တွင် သစ်ရာပင်ကျေးရွာအားလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဝင်းကုန်းကျေးရွာအား လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ညောင်ပင်လယ် ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ယာကြီးကျေးရွာအား လည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး တပ်မတော်စစ်ကြောင်းများသည် ဇွန် ၁၅ ရက်တွင် ကွမ်းရေပင်မှ တစ်ဆင့်အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လာပို့ကျေးရွာအား နယ်မြေချီတက်ရှင်းလင်းခဲ့ရာ ယနေ့ ဇွန် ၁၈ ရက်တွင် လာပို့ကျေးရွာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများသည် အဆိုပါလမ်းတစ်လျှောက်၌ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ၊ လက်လုပ် Fixed Wing သုံးစီး၊ လက်လုပ်ရီမုမိုင်း ခြောက်လုံး၊ လက်လုပ်ရှေ့တိုက်ဒုံး ၁၈ လုံး၊ လက်လုပ်ဗုံးသီး ၁၆ လုံး၊ လက်လုပ်မိုင်း ၂၅ လုံး၊ ယမ်းမှုန့်ခုနစ်ဘူး၊ ယမ်းမှုန့်ထုပ် ၁၆ ထုပ်၊ ဆက်စပ်ပစ္စည်းများနှင့် ယာယီအခြေပြုစခန်း နေရာများအား သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ ကလေးဝ- ယာကြီး- မုံ့ရွာ လမ်းကြောင်းတစ်လျှောက်အား အမြန်ဆုံး ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





တပ်မတော်စစ်ကြောင်းများက ကလေးဝ-ယာကြီး-မုံ့ရွာ လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကျေးရွာများအား ထပ်မံထိန်းချုပ်နိုင်ခဲ့မှုကို တွေ့ရစဉ်။

◎ *ကျောဖုံးမှ*

ရန်မျိုးအောင် ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင် ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင် ကျေးရွာအား လည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက် ထပ်မံထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဒေသခံပြည်သူများ အမြန်ဆုံး ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး အဆိုပါ ကလေး - တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ အမြန်ဆုံး ဖော်ဆောင် ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး လမ်းကြောင်း တစ်လျှောက်ရှိ အကြမ်းဖက် သမားများ ထောင်ထားသည့် မိုင်းများအား ဖော်ထုတ် ရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်း တစ်လျှောက်ရှိ အကြမ်းဖက်သမားများ ခံစစ်ပြုလုပ်ထားသည့် နေရာများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

ရွှေကူမြို့ အမှတ်(၁)ရပ်ကွက် ခုံခမ်းရပ်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရပ်ကွက်အတွင်း နေထိုင်လျက်ရှိသည့် အပြစ်မဲ့ အရပ်သားပြည်သူများဖြစ်သည့် ဒေါ်အေးဖြူ (၄၈)နှစ် (ဘ)ဦးတင်ငွေ ရင်ဘတ်တွင် ဒုံးသီးစ ဖောက်ဝင် (သေဆုံး)၊ ဒေါ်ခင်ဆွေဆွေသန်း (၂၂) နှစ် (ဘ) ဦးအောင်ကျော်ညွန့် လည်ပင်းနှင့် ညာလက်မောင်း ဒုံးသီးစ ဖောက်ဝင်ဒဏ်ရာများ၊ မဖူးပွင့်ဝေဝေခိုင် (၁၄)နှစ် (ဘ) ဦးကျော်သီဟဝင်း ဦးခေါင်းနှင့် ဘယ်ခြေ ဒုံးသီးစဖောက်ဝင်ဒဏ်ရာများဖြင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါ ဒဏ်ရာရရှိသူများအား ရွှေကူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများ ဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့၊ ရွာများရှိ ဘာသာရေး အဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်း မရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







KIA၊ PDF အကြမ်းဖက်သောင်းကျန်သူများ၏ ရှေ့တိုက်ဒုံးပစ်ခတ်မှုကြောင့် ရွှေကူမြို့ အမှတ်(၁)ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲသဖြင့် သေဆုံး/ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

**မိုးရွာသွန်းခြင်း မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်**

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့်ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မက္ကဆီကိုနှင့် သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်လိုကြောင်း အီကွေဒေါ သမ္မတ ပြော

**ကျိုတို ဇွန် ၁၈**

မက္ကဆီကိုနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်လိုကြောင်း အီကွေဒေါသမ္မတ ဒန်နီရယ် နိုဘိုအာ က ဇွန် ၁၇ ရက်တွင် ပြောသည်။

အီကွေဒေါနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသည့် မက္ကဆီကိုကုမ္ပဏီများရှိကြောင်း၊ ယခုအချိန်တွင် သံတမန်ဆက်ဆံရေးကို ဆိုင်းငံ့ထားရန်မည်သည့်အကြောင်း ပြချက်မျှမရှိကြောင်း အီကွေဒေါ သမ္မတက အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သည် ၂၀၂၄ ခုနှစ် ဧပြီလအတွင်းက ဆက်ဆံရေး စတင်တင်းမာခဲ့သည်။

မက္ကဆီကို သံရုံး၌ ခိုလှုံခွင့်တောင်းခံသည့် အီကွေဒေါ ဒုတိယသမ္မတဟောင်း ဟော်ဟေးဂလက်စ်ကို ဖမ်းဆီးရန်အတွက် အီကွေဒေါရဲများက မက္ကဆီကို သံရုံးအတွင်းသို့ အတင်းဝင်ရောက်ခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေး ဆိုးရွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

■

## ၂၀၃၀ ပြည့်နှစ် မတိုင်မီ ဗီယက်နမ် လေဆိပ်အသစ် ခုနစ်ခု ထပ်ချဲ့မည်

**ဟနွိုင်း ဇွန် ၁၈**

နိုင်ငံတစ်ဝန်းလေကြောင်းပို့ဆောင်ရေးကွန်ရက်ကို ချဲ့ထွင်ရန်နှင့် မြင့်တက်လာသော ခရီးသွားလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဗီယက်နမ်အစိုးရသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လေဆိပ်အသစ်ခုနစ်ခုကို ဖွင့်လှစ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက ဇွန် ၁၆ ရက်က ဖော်ပြခဲ့သည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ဗီယက်နမ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လေဆိပ် ၁၅ ခု၊ ပြည်တွင်းလေဆိပ် ၁၇ ခု၊ ပေါင်း ၃၂ ခုဖြင့် နှစ်စဉ် ခရီးသည် သန်း ၂၂၀ ခန့်အထိ ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုမှာ ဗီယက်နမ်ဒေါင် စုစုပေါင်း ၄၈၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံခန့်) လိုအပ်မည်ဟု ခန့်မှန်းထားပြီး အဆိုပါရန်ပုံငွေ၏ ၅၅ ရာခိုင်နှုန်းကို အစိုးရဘဏ္ဍာငွေမှ ထောက်ပံ့သွားရန် မျှော်မှန်းထားသည်။

ဆင်ဟွာ

## ရေကြီးမှုအန္တရာယ်ကို ကြိုတင်ကာကွယ်ရန် လာအိုနိုင်ငံ ဆောင်ရွက်

**ဗီယန်ကျင်း ဇွန် ၁၈**

၂၀၂၆ မိုးရာသီအတွင်း ရေကြီးမှုအန္တရာယ်နှင့် ဆက်စပ်သဘာဝဘေးအန္တရာယ်များကို လျှော့ချရန် လာအိုနိုင်ငံသည် ရေကြီးမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမျိုးသား ရေအရင်းအမြစ်ကော်မတီသည် ရေအရင်းအမြစ်၊ ရေလှောင်ကန်များနှင့် နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှု အန္တရာယ်များကို စီမံခန့်ခွဲရာတွင် သက်ဆိုင်ရာ အေဂျင်စီများ၏ အဆင်သင့်ဖြစ်မှုကို အကဲဖြတ်ဆောင်ရွက်နေစဉ် ၂၀၂၆ ရေကြီးမှုဆိုင်ရာ တုံ့ပြန်ရေးကို အတည်ပြုရန်နှင့် ပြန်လည်သုံးသပ်သည့် အစည်းအဝေးတစ်ရပ်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ရာသီဥတုနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များ၊ မဲခေါင်မြစ်နှင့် မြစ်လက်တက်များအတွက် ရေလွှမ်းမိုးမှုပုံစံ၊ ရေလှောင်ကန်လုပ်ငန်းများ၊ ဆည်မြောင်းစနစ်များနှင့် မြို့ပြရေလွှမ်းမိုးမှု လျှော့ပါးရေးအစီအမံများကို ဆွေးနွေးခဲ့ပြီး ရေနှင့်ပတ်သက်သည့် ဥပဒေများကို မြှင့်တင်ရန် အဆိုပြုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ကင်ညာနိုင်ငံ၌ အလုပ်အကိုင် ၂ ဒသမ ၄ သန်း ဖန်တီးပေးနိုင်မည့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံတန် စိုက်ပျိုးရေးအစီအစဉ် စတင်

**နိုင်ရိုဘီ ဇွန် ၁၈**

ကင်ညာနိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီ၍ နည်းပညာမြင့်မားပြီး အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းအဖြစ် အသွင်ကူးပြောင်းရန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံ တန်ကြေးရှိ အမျိုးသားစိုက်ပျိုးရေး ပဏာမခြေလှမ်းကို စတင်လိုက်ပြီဖြစ်ကြောင်း ဇွန် ၁၇ ရက်က ကြေညာခဲ့သည်။ Kenya AgriConnect သဘောတူညီချက် (၂၀၂၅-၂၀၃၀) ကို နိုင်ရိုဘီမြို့၌ စတင်လိုက်ပြီး ယင်းအစီအစဉ်သည် အလုပ်အကိုင်သစ် ၂ ဒသမ ၄ သန်း ဖန်တီးပေးနိုင်မည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်တွင် အလုပ်အကိုင်များအဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍကို အသက်ရှင်သန်နိုင်မှုအတွက် လုပ်ကိုင်နေသည့်ကဏ္ဍအဖြစ်မှ စီးပွားရေးတိုးတက်စေရန်နှင့် ခေတ်မီပြီးနည်းပညာမြင့်မားသည့် ရင်းနှီးမြှုပ်နှံမှု မောင်းနှင်အားအဖြစ် ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး မူတာဟီ ကက်ဂီ က ပြောသည်။ **ဆင်ဟွာ**

## ၂၀၂၇ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၁၉ ဒသမ ၁ သန်း လာရောက်ရန် မျှော်မှန်းထား

**ဂျကာတာ ဇွန် ၁၈**

အင်ဒိုနီးရှားနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှင့် ခရီးသွားကဏ္ဍကို အထောက်အကူဖြစ်စေရန် ၂၀၂၇ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွား ၁၉ ဒသမ ၁ သန်း အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်လည်ပတ်ရန် မျှော်မှန်းထားကြောင်း ခရီးသွားလာရေးဝန်ကြီး ဝီဒီယန်တီ ပူထရီ ဝါဒ်ဟာနာ က ပြောသည်။

ရနိုင်သမျှ အရင်းအမြစ်များ အားလုံးကိုအကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ နိုင်ငံခြားဝင်ငွေရရှိမှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပိုမိုအထောက်အကူ ဖြစ်စေမည်ဟု ဇွန် ၁၇ ရက်က ပြုလုပ်သည့် အောက်လွှတ်တော်အစည်းအဝေးတွင် ခရီးသွားလာရေးဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၂၇ ခုနှစ်တွင် ခရီးသွားလုပ်ငန်းကဏ္ဍမှ ဂျီဒီပီ ၄ ဒသမ ၈ ရာခိုင်နှုန်း အထောက်အကူဖြစ်စေမည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင်လည်း ၃ ဒသမ ၈ ဘီလီယံ ဆွဲဆောင်နိုင်လိမ့်မည်ဟုခန့်မှန်းထားသည်။ **ဆင်ဟွာ**

ဇွန် ၂၀ ရက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အိမ်ရှင်အမေရိကန်က ဩစတြေးလျ၊ မိုရိုကိုက စကော့တလန်၊ ဘရာဇီးက ဟေတီ၊ နယ်သာလန်က ဆွီဒင်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရယူပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ ရင်ခုန်စိတ်လှုပ်ရှားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။



# ဟေတီကိုအနိုင်ရမှ နောက်တစ်ဆင့်တက်ရေး ရတက်အေးရမယ့် နာမည်ကြီး ဘရာဇီး

### USA VS ဩစတြေးလျ

ဒီပွဲစဉ်မှာ နိုင်ပွဲရမယ့်အသင်းက နောက်တစ်ဆင့်တက်လှမ်းဖို့ နီးစပ်သွားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဩစတြေးလျက အသင်းလိုက်စုဖွဲ့မှုပိုင်း အားနည်းမှုရှိပေမယ့် တိုက်စစ်အဆုံးသတ်ပိုင်း သေချာမှုရှိတယ်။ ဝက်စ်တွန်မက္ကင်နီ၊ ပူလီဆစ်၊ ဆာဂျင်နီယိုဒက်စ်တို့ရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဩစတြေးလျအသင်း ခံစစ် ထိန်းချုပ်ဟန့်တားဖို့ မလွယ်ဘူး။ အိမ်ရှင် USA သာ နောက်တစ်ဆင့်တက်လှမ်းနိုင်မယ့်အခွင့်အရေးကောင်း ပိုင်ဆိုင်သွားနိုင်တယ်။

ဇွန် ၂၀ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)

- **အချိန်** – ဇွန် ၂၀ ရက်၊ နံနက် ၁ နာရီခွဲ
- **အုပ်စု** – အုပ်စု (ဃ) ၊ ပွဲစဉ် (၂)
- **ကွင်း** – **Seattle Stadium**

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ်**

USA ၄-၁ ပါရာဂွေး

ဩစတြေးလျ ၂-၀ တူကီယဲ

### စကော့တလန် VS မိုရိုကို

စကော့တလန်က အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရခဲ့တယ်ဆိုပေမယ့် တိုက်စစ်ပိုင်း လိုအပ်ချက်ရှိပြီး ကွင်းလယ်နဲ့ ခံစစ်ပိုင်း အားနည်းမှုရှိတာ တွေ့ရတယ်။ ဒါကြောင့် နည်းစနစ်ပိုင်းမြင့်မားတဲ့ မိုရိုကိုအသင်းကို ခက်ခက်ခဲခဲရုန်းကန်ရနိုင်တယ်။ ခံစစ်ပိုင်းကျစ်လျစ်မှုနဲ့အတူ တစ်ဦးချင်းစွမ်းဆောင်ရည်ပါ သာလွန်မှုရှိတဲ့ မိုရိုကိုက စကော့တလန်အသင်းကို ပွဲချိန်အများစု ဖိအားပေးထိန်းချုပ်ကစားပြီး အရေးပါတဲ့ နိုင်ပွဲရလဒ်ကို ဖော်ဆောင်သွားဖွယ်ရှိတယ်။

ဇွန် ၂၀ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)

- **အချိန်** – ဇွန် ၂၀ ရက်၊ နံနက် ၄ နာရီခွဲ
- **အုပ်စု** – အုပ်စု (ဂ) ၊ ပွဲစဉ် (၂)
- **ကွင်း** – **Boston Stadium**

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ်**

ဟေတီ ၀-၁ စကော့တလန်

ဘရာဇီး ၁-၁ မိုရိုကို

### ဘရာဇီး VS ဟေတီ

ဘရာဇီးက အဖွင့်ပွဲစဉ်မှာ သရေကျထားလို့ ဒီပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ ပြိုင်ဘက်ဟေတီကလည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားလို့ ရလဒ်ကောင်းရဖို့ အားစိုက်ကစားလာမှာ သေချာတယ်။ ဟေတီရဲ့ တန်ပြန်တိုက်စစ်ဆင်မှုက ဘရာဇီးအသင်း အခက်တွေ့နိုင်တယ်။ သို့သော်ငြား အနိုင်ရလဒ်ကို နည်းစနစ်ပိုင်းရော တစ်ဦးချင်းစွမ်းဆောင်ရည်ပါ သာလွန်မှုရှိတဲ့ ဘရာဇီးအသင်း ဖော်ဆောင်သွားဖွယ်ရှိတယ်။

ဇွန် ၂၀ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)

- **အချိန်** – ဇွန် ၂၀ ရက်၊ နံနက် ၇ နာရီ
- **အုပ်စု** – အုပ်စု (ဂ) ၊ ပွဲစဉ် (၂)
- **ကွင်း** – **Philadelphia Stadium**

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ်**

ဘရာဇီး ၁-၁ မိုရိုကို

ဟေတီ ၀-၁ စကော့တလန်

### နယ်သာလန် VS ဆွီဒင်

နောက်တစ်ဆင့်တက်လှမ်းနိုင်မယ့်အခွင့်အရေးကို အမိအရဆုပ်ကိုင်ဖို့ ကြိုးပမ်းလာမယ့် ဆွီဒင်နဲ့ မဖြစ်မနေ နိုင်ပွဲရှာတွေ့ဖို့ ခြေကုန်ထုတ်လာမယ့် နယ်သာလန်တို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ နှစ်သင်းစလုံးမှာ ကမ္ဘာ့အဆင့်ထိပ်တန်းကစားသမားတွေ အများအပြားရှိတာကြောင့် ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်တဲ့အသင်းထက် အခွင့်အရေးကို သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်တဲ့အသင်းသာ နိုင်ဖွယ်ရာရှိတယ်။

ဇွန် ၂၀ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)

- **အချိန်** – ဇွန် ၂၀ ရက်၊ ည ၁၁ နာရီခွဲ
- **အုပ်စု** – အုပ်စု (စ) ၊ ပွဲစဉ် (၂)
- **ကွင်း** – **Houston Stadium**

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ်**

နယ်သာလန် ၂-၂ ဂျပန်

ဆွီဒင် ၅-၁ တူနီးရှား

■ မိုးဇက်

## သန်လျင်ပြည်သူ့ဆေးရုံကြီး၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရန်ကုန် ဇွန် ၁၈**
ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန တောင်ပိုင်းခရိုင်ဦးစီးမှူးရုံး(သန်လျင်) နှင့် ပြည်သူ့ဆေးရုံကြီး(သန်လျင်)တို့ပူးပေါင်း၍ သဘာဝဘေးအသိပညာပေး



ဟောပြောပွဲနှင့် ဆေးရုံရှိ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ဘေးအန္တရာယ် ကင်းရှင်းစွာ ရွှေ့ပြောင်းနိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က သန်လျင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးမှူးဒေါက်တာဇေယျာမင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးHကံထူးက သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောကြသည်။

ဆက်လက်၍ ဆေးရုံလူနာဆောင်တွင် သဘာဝဘေး ကျရောက်လာပါက လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ရွှေ့ပြောင်းနိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်များကို လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



ရွှေတောင်မြို့နယ် အမှတ် (၁) အထည်စက်ရုံ ရွှေတောင်ရှိသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက်က အမှတ် (၁) အထည်စက်ရုံ ရှင်းလင်းဆောင်၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားစဉ်။

ကိုကိုမင်း (ပြန်/ဆက်)

## ဖျာပုံမြို့နယ်၌ ၂၀၂၆ ခုနှစ် ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖျာပုံ ဇွန် ၁၈**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ၂၀၂၆ ခုနှစ် ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်က သလိပ်ကြီးကျေးရွာ ဖျာပုံ-ကျိုက်လတ် ကားလမ်းမကြီးဘေး၌ ကျင်းပရာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ပျိုးပင်များကို ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူများထံ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသူများက ဒေသနှင့်ကိုက်ညီသည့် အဖိုးတန်သစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ကံ့ကော်၊ စိန်ပန်းကြီး၊ ငုရွှေဝါ၊



ခရေ စသည့်သစ်မျိုး ခြောက်မျိုး စုစုပေါင်း ၁၀၀၈ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းပန်မြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

**မိုင်းပန် ဇွန် ၁၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဇွန် ၁၄ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကာ အဖွဲ့ဝင်အတွင်းရေးမှူး ဦးသိန်းနိုင်ဝင်းက ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းကို ဖတ်ကြားရှင်းလင်းတင်ပြပြီး အသင်းသားကိုယ်စားလှယ်များထံ အတိုးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရေနံချောင်းမြို့နယ်၌ မှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်



**ရေနံချောင်း ဇွန် ၁၈**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ တစ်ပိုင်တစ်နိုင် မှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုနွယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက မှိုစိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများကို သင်ကြားပို့ချခဲ့ကြောင်းသိရသည်။ အဆိုပါ သင်တန်းသို့ စုစုပေါင်း သင်တန်းသား ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးကြီး(ပြန်/ဆက်)**

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိဿာ ငွေကျပ် ၇၂၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၈**
စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၅ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည် နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်ရွှေ၌ မိုးစပါးစိုက် သမအသင်းသားများသို့ မျိုးသွင်းအားစုပေးအပ်

**ညောင်ရွှေ ဇွန် ၁၈**
ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကြည်းထက်ကျေးရွာ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကြည်းထက်ကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ



မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် အသင်း၏ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အသင်းစည်းကမ်း ပြင်ဆင်ခြင်းတို့အား အတည်ပြုချက်ရယူကာ မိုးစပါး စိုက်သမဝါယမအသင်းသားများသို့ မျိုးနှင့်သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



လားရှိုးမြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ဆင်တောင်ဂေါက်ကွင်းဝင်း၌ ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးမြတ်ဇင်၊ ခရိုင်သစ်တောဦးစီးမှူး ဦးတင်ကျော်နှင့် ဌာနဆိုင်ရာများက ခရေ၊ ကံ့ကော်၊ ရေသင်းဝင်၊ စိန်ပန်း၊ ပိန္နဲ၊ သရက်၊ လိုက်ချီး၊ ချယ်ရီ စသည့် ပျိုးပင် ၃၀၀ စုပေါင်းစိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)

## ချမ်းမြသာစည်မြို့နယ်၌ ကျောင်းကျန်းမာရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၁၈**
မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ကျောင်းများတွင် ရောင်းချသည့် မုန့်နှင့်စားသောက်ကုန်များ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိမရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ အမှတ် (၂၈)၊ (၃၅)နှင့် (၃၆) အခြေခံပညာအထက်တန်းကျောင်းတို့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး ဦးဆောင်၍ ဒုတိယမြို့နယ် ပညာရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ FDA၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ



တာဝန်ရှိသူများက သက်တမ်းကုန်လွန်သည့် အစားအစာများ ရောင်းချခြင်းမပြုရန် စစ်ဆေးခဲ့ကြောင်း သိရသည်။ **အလင်းသစ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇွန် ၁၈ - မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။ မိုး/ဇလ

# ကမာရွတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်မှုပြုလုပ်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၁၀) ရပ်ကွက် အောင်မင်းခေါင်(၁) လမ်းရှိ နေအိမ်တစ်လုံးတွင် အွန်လိုင်းလိမ်လည်မှု ပြုလုပ်လျက်ရှိသည့် မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၆ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် ရွှေတောင်ကြားလမ်း၌ ဖွင့်လှစ်ထားသည့် Loi Sam Sip ရှမ်းစားသောက်ဆိုင်ရှေ့ ကားပါကင်နေရာတွင် မော်တော်ယာဉ်အမှတ်၊ MDY –12 4F–1752 Honda Fit(လိုင်စင်မဲ့) မော်တော်ယာဉ်သည် အချိန်ကြာမြင့်စွာ ရပ်တန့်ထား၍ မသင်္ကာသဖြင့် စားသောက်ဆိုင်လုံခြုံရေးဝန်ထမ်းက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးပို့မှုကြောင့် ဇွန် ၁၆ ရက် ညနေ ၃ နာရီခန့်တွင်သွားရောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်အတွင်း X Power X စာတမ်းပါ Power Station သုံးလုံး၊ Laptop လေးလုံး၊ Charger USB ရှစ်ခု၊ Star Link စက်နှစ်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၁၇၅ လုံး၊ ကာလာပရင်တာ တစ်လုံးတို့အား ပိုင်ရှင်မဲ့တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



ကမာရွတ်မြို့နယ် (၁၀) ရပ်ကွက် အောင်မင်းခေါင်(၁)လမ်း၌ အွန်လိုင်းလိမ်လည်မှုများ ပြုလုပ်သည့် တရားခံ ၁၆ ဦးအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများ၏ ပိုင်ရှင်များအား ဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့်စုံစမ်းစစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အဆိုပါ လိုင်စင်မဲ့မော်တော်ယာဉ်သည် Toyota BZ EV အမျိုးအစား မော်တော်ယာဉ်အမှတ်၊ BGO/27 5S–9527 နှင့်အတူ ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင် (၁)လမ်းရှိ နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်သွားသည်ကို CCTV မှတ်တမ်းများအရ စစ်ဆေးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၇ ရက် ည ၉ နာရီ မိနစ် ၃၀ခန့်တွင် အဆိုပါအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်အထိ အလုံမြို့နယ်ရှိ condo အခန်းအား တစ်လလျှင် ငွေကျပ် သိန်း ၇၀ ဖြင့် ငှားရမ်းနေထိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများထဲမှ တစ်ဦးက လက်ကိုင်ဖုန်းများ ထုတ်ပေးကာ ဆိုရှယ်မီဒီယာအကောင့်များအား ထည့်သွင်းပေးထားကြောင်း၊ ၎င်းနောက် တရုတ်နိုင်ငံသားများအား ဆက်သွယ်ပြီး အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ကျောက်စိမ်းများအား ရောင်းချမည်ဟု စည်းရုံးပြောဆိုရကြောင်း၊ ဝယ်ယူမည့်သူများက ၎င်းပစ္စည်းများအား ဝယ်ယူမည်ဆိုပါက ခတ်ပုံနှင့် တရုတ်ယွမ်ငွေ တန်ဖိုးများကို ပေးပို့ရကြောင်း၊ ဝယ်ယူမည့်သူက မသင်္ကာ၍ မေးမြန်းလာသောအခါ အရောင်းဝန်ထမ်းများဖြစ်သည်ကို အသင့်ပြင်ဆင်ထားသည့် အီလက်ထရောနစ် လေဘာကတ်များ ပေးပို့၍ ယုံကြည်အောင် ဆောင်ရွက်ရကြောင်း၊ တရားခံများအနေဖြင့် ဈေးဝယ်ရန် လွှဲပေးသည့် ငွေပမာဏ၏ ၃ ရာခိုင်နှုန်းရရှိပြီး လစာသတ်မှတ်ထားခြင်းမရှိကြောင်း၊ လုပ်ငန်းအခြေအနေမကောင်းတော့သဖြင့် အဆိုပါ အွန်လိုင်းလိမ်လည်မှု ပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများအား မော်တော်ယာဉ်အမှတ်၊ MDY –12 4F–1752 Honda Fit(လိုင်စင်မဲ့) မော်တော်ယာဉ်နှင့်အတူ ပိုင်ရှင်မဲ့ဖြစ်စေရန် Loi Sam Sip ရှမ်းစားသောက်ဆိုင်ရှေ့ ကားပါကင်နေရာ၌ စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်း မရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် ရွှေတောင်ကြားလမ်း၌ လိုင်စင်မဲ့ယာဉ်ပေါ်၌ တရားမဝင်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



ငှားရမ်းနေထိုင်သည့်နေအိမ်ကို တွေ့ရစဉ်။



---

❒ *ကျော့ဖုံးမှ*

အဆိုပါ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ခတ်အားပြတ်တောက်မှု လျော့နည်းပြီး ခတ်အားလွှတ်စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဇွန် ၂၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

ခတ်အားပိတ် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်များ ယာယီခတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံမှ ခတ်အားထုတ်လုပ်မှု (၁၂)မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်၍ ကျန်ခတ်အားပေးစက်ရုံများမှ ခတ်အားတိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးကို လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။


ထို့အတူ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်အတွင်း ခတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ၃၃ ကေဗွီ ခတ်အားခွဲရုံ အမှတ်(၆)မှ ခတ်အား ဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ EV ခတ်အားလိုင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်သည်။


ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့မဈေးယာဉ်ပြင် အလုပ်ရုံ၊ ဧဝေယျသိဒ္ဓိရပ်ကွက် အိမ်ရာများ၊ EV Charging Station များ ခတ်အား ယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း ခတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီး ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**









---

## ညောင်ဦးမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး



**ညောင်ဦး ဇွန် ၁၈**

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကူရွာကျေးရွာနှင့် ရှင်မိန်ကျေးရွာတို့၌ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းစီနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅ သန်းစီတို့ဖြင့် ကျေးရွာစက်ရေတွင်းများတွင် ဆိုလာတပ်ဆင်ခြင်း ကျေးလက်ရေရရှိရေးလုပ်ငန်းကို မေလ ဒုတိယပတ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်များကို ဈေးကွက်အတွင်း တုပသုံးစွဲခြင်း၊ အမျိုးအစားတူ ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း မပြုလုပ်ရန် သတိပေးတားမြစ်ခြင်း

ထိုင်းနိုင်ငံ၊ ဆမုဒ်ပရာကန်ပြည်နယ် ၁၀၅၄၀၊ ဘန်ပလီခရိုင်၊ ဘန်ပလီရိုင်အုပ်စု၊ ၂၂/၇ မူး (၄)၊ သေပါရတ်လမ်းတွင် တည်ရှိသော Rinchokechai Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါကုန်အမှတ်တံဆိပ်များနှင့် ယင်းအမှတ်တံဆိပ်များပါ ထုတ်ကုန်များ၏ တစ်ဦးတည်းသော ပိုင်ရှင်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| Berman PLUS<br>4/7667/2004, 4/7568/2013 & T/2023/010401 | Berman<br>4/5096/1999, 4/7558/2013 & T/2023/010296 | ဘားမန်း<br>4/7659/2004, 4/7557/2013 & T/2023/010295 | เบอร์แมน<br>4/7658/2004/ 4/7556/2013 & T/2023/010294 |
| Berman ACCURATE<br>4/7672/2004, 4/7560/2013 & T/2023/010298 | Berman ACTIVE<br>4/7662/2004, 4/7561/2013 & T/2023/010300 | Berman CONCEPT<br>4/7665/2004, 4/7563/2013 & T/2023/010302 | Berman COMPLETE<br>4/7674/2004, 4/7562/2013 & T/2023/010304 |
| Berman EXACT<br>4/7673/2004, 4/7564/2013 & T/2023/010308 | Berman INTEGRAL<br>4/7675/2004, 4/7565/2013 & T/2023/010310 | Berman OPTION 1<br>4/7666/2004, 4/7566/2013 & T/2023/010313 | Berman OPTION 2<br>4/7577/2013 & T/2023/010314 |
| Berman ORTHODON<br>T/2023/010399 | Berman PERFORMANCE<br>4/7669/2004, 4/7567/2013 & T/2023/010400 | Berman PRIDE<br>4/7660/2004, 4/7569/2013 & T/2023/010402 | Berman PREMIER<br>T/2023/010403 |
| Berman PROPER<br>4/7671/2004, 4/7570/2013 & T/2023/010404 | Berman RESULT<br>4/7578/2013 & T/2023/010405 | Berman SOLUTIONS<br>4/7670/2004, 4/7571/2013 & T/2023/010406 | Berman SPECIAL<br>4/7668/2004, 4/7573/2013 & T/2023/010407 |
| Berman STANDARD<br>4/7663/2004, 4/7572/2013 & T/2023/010408 | Berman SUPER-V<br>4/7664/2004, 4/7574/2013 & T/2023/010409 | Berman SUPRIMA<br>4/7676/2004, 4/7575/2013 & T/2023/010410 | Berman TRAVEL<br>4/7579/2013 & T/2023/010411 |
| Berman ULTIMA<br>4/7580/2013 & T/2023/010412 | Berman ULTIMATE<br>4/7581/2013 & T/2023/010459 | Berman VITAL<br>4/7661/2004, 4/7576/2013 & T/2023/010461 | |

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Rinchokechai Company Limited သည် အထက်ဖော်ပြပါ အမှတ်တံဆိပ်များကို ရန်ကုန်မြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀၀၄ ခုနှစ်မှစ၍ တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်သွင်းထားပါသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနတွင်လည်း ၂၀၁၉ ခုနှစ် ကုန်အမှတ်တံဆိပ်ဥပဒေနှင့်အညီ ၂၀၂၃ ခုနှစ်တွင် ပြန်လည်လျှောက်ထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ Rinchokechai Company Limited သည် အထက်ဖော်ပြပါ Berman အမှတ်တံဆိပ်ဖြင့် သွားတိုက်တံအမျိုးမျိုးကို ထိုင်းနိုင်ငံတွင်သာမက မြန်မာနိုင်ငံတွင်လည်း တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်သွင်း လျှောက်ထားပြီးဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ ဈေးကွက်အတွင်းတွင် Berman Plus အတု အမှတ်တံဆိပ် သွားတိုက်တံများအား ဖြန့်ဖြူးရောင်းချနေကြောင်းကိုလည်း ကျွန်ုပ်၏ မိတ်ဆွေမှ ပြောကြား၍ သိရှိရပါသည်။

Rinchokechai Company Limited မှ ထုတ်လုပ်သော Berman Plus အပါအဝင် Berman အမှတ်တံဆိပ်များအား ထိုင်းနိုင်ငံရှိစက်ရုံမှလွဲ၍ မည်သည့် နိုင်ငံတွင်မျှ ထုတ်လုပ်ခြင်းမရှိပါ။ Berman သွားတိုက်တံများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ဈေးကွက်တွင် Rinchokechai Company Limited ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမျှ ရရှိခြင်းမရှိဘဲ တုပပြုလုပ် ရောင်းချခြင်းများနှင့် Berman စက်ရုံမှ ထုတ်လုပ်သောပစ္စည်းများဟုဆိုကာ လိမ်လည်ရောင်းချနေမှုများအားတွေ့ရှိရသဖြင့် စားသုံးသူများသုံးစွဲရာတွင် အတုအစစ်ခွဲခြားသတိပြုစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အမှတ်တံဆိပ်များ၏ မူလပိုင်ရှင်မဟုတ်ဘဲ Berman Plus သွားတိုက်တံအမှတ်တံဆိပ်အား ဆင်တူရိုးမှား တုပပြုလုပ်ခြင်း၊ Berman Plus သွားတိုက်တံ အမှတ်တံဆိပ်အတုပါ ထုတ်ကုန်များနှင့် ထုတ်ကုန်အတုများကို ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ၊ Berman Plus သွားတိုက်တံ အမှတ်တံဆိပ်ဖြင့် ဆင်တူရိုးမှား တုပပြုလုပ်၍ စားသုံးသူများကို ထင်ယောင်ထင်မှား ဖြစ်စေရန်နှင့် ကုမ္ပဏီ၏ ကောင်းမွန်သောဂုဏ်သတင်းကို များစွာထိခိုက်နစ်နာစေပြီး ၎င်းထုတ်ကုန် နှင့် အလားတူပစ္စည်းများထုတ်လုပ် ဆောင်ရွက်ခြင်းများကို (လုံးဝ) မပြုလုပ်ကြပါရန် သတိပေးတားမြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ အထက်ဖော်ပြပါ အမှတ်တံဆိပ်များကို တုပ၍ အသုံးပြုလျက်ရှိသော ကုန်အမှတ်တံဆိပ် တုပသုံးစွဲခြင်းမှ ချက်ချင်းရပ်ဆိုင်းရန်၊ အမှတ်တံဆိပ် မှတ်ပုံတင်သွင်းထားခြင်းမှ ချက်ချင်းဖျက်သိမ်းပေးရန်၊ အဆိုပါတုပထားသော အမှတ်တံဆိပ်ကို အသုံးပြု၍ ဈေးကွက်အတွင်း အမျိုးတူကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်း ဖွင့်လှစ်ရောင်းချခြင်း၊ online sale ဖြင့် ရောင်းချခြင်းများအား ချက်ချင်းရပ်ဆိုင်းရန်နှင့် အထက်ဖော်ပြပါ တုပထားသည့် အမှတ်တံဆိပ်ဖြင့် ပစ္စည်းများကို လူမှုကွန်ယက် စာမျက်နှာများ ဖြစ်သော Facebook, Tik Tok, Instagram, Telegram စသည့် ကွန်ယက်များကို အသုံးပြု၍ ကြော်ငြာထားခြင်းများကို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ချက်ချင်းဖျက်ဆီးဖြုတ်ချပစ်ရန် ပြင်းထန်စွာ သတိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ ဤသတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ မှတ်ပုံတင်လျှောက်ထားသော Berman Plus အမှတ်တံဆိပ်အပါအဝင် Berman မှ ထုတ်လုပ်သော ထုတ်ကုန် အမှတ်တံဆိပ်များအား တုပထားသော အမှတ်တံဆိပ်များကို အသုံးပြု၍ အမျိုးတူကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် မည်သည့်ပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းကိုမဆို အထက်ဖော်ပြပါ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်များ၏ ထိခိုက်နစ်နာမှုများနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ သက်ဆိုင်ရာ စီရင်ပိုင်ခွင့် အာဏာအတွင်းရှိ တရားရုံးတော်သို့တင်ပြ၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -


ဒေါ်တင်ဥမ္မာထွန်း
(စဉ် - ၂၂၀၇) (တရားလွှတ်တော်ရှေ့နေ)

ဒေါ်တင်သီရိအောင်
(စဉ် - ၁၅၇၁၄) (တရားလွှတ်တော်ရှေ့နေ)

ဒေါ်ကြည်ကြည်နိုင်
(စဉ် - ၁၆၃၆၂) (တရားလွှတ်တော်ရှေ့နေ)

အမှတ် (၂၅/D)၊ အခန်း (၃၀၅)၊ တိုက် (A)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Tel : 09 265008833, 09 775008833 Email : mail@thelawchambersmyanmar.com; trademarks@thelawchambersmyanmar.com

## စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းမြို့၊ ရောဝတီမြစ်ရေပေးဝေရေးလုပ်ငန်းအား B.O.Tစနစ်ဖြင့် အဆင့်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI) ခေါ်ယူခြင်း

၁။ စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ရေပေးရေးလုပ်ငန်းများအား အများပြည်သူအတွက် အဆင့်မြင့်သန့်စင်ပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် BOT စနစ်ဖြင့် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပုံစံများကို စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) တင်ပြရန် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ စစ်ကိုင်းမြို့၊ ဧရာဝတီမြစ်ရေပေးရေးလုပ်ငန်းအား BOT စနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများသည် အဆိုပြုဒီဇိုင်းပုံစံများ၊ အသေးစိတ်စီမံချက်၊ ကွင်းဆင်းလေ့လာစိစစ်ချက်နှင့်အတူ (Power Point)ဖြင့် ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည် ဖြစ်သည်။

၃။ စိစစ်ရွေးချယ်ရေးကော်မတီအား မိမိတို့လုပ်ငန်းပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်အတွင်း ရှင်းလင်းတင်ပြရမည်ဖြစ်သည်။

၄။ အဆိုပြုလွှာများကို (၁၆-၇-၂၀၂၆)ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့တင်သွင်းနိုင်ပါသည်။

၅။ စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းရယူနိုင်ပါသည်။

(ဖုန်း -၀၇၁-၂၀၂၂၈၈၆၊ ၀၇၁-၂၀၂၂၄၈)

**စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့**

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ ဘော့လုံးခုံကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း၊ Grade-5 အတန်းမှ မောင်အောင်ခန့်ဖြိုး၏ ဖခင် ဦးအောင်ကိုကိုမြင့်၏ အမည်မှန်မှာ ဦးကိုကိုမြင့် ၈/ပခက (နိုင်) ၂၅၃၀၆၉ ဖြစ်ပါကြောင်း။

**ဦးကိုကိုမြင့်**
**၈/ပခက(နိုင်)၂၅၃၀၆၉**

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ Grade-6 အတန်းမှ မောင်ရှိုင်းသူရအောင်၏ ဖခင် ဦးစိုးမင်းအောင်၏ အမည်မှန်မှာ ဦးစိုးမြင့်အောင် ၈/မမန(နိုင်)၂၀၁၀၇၄ ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်အောင်**
**၈/မမန(နိုင်)၂၀၁၀၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂) ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် (၂၅၄) (ဘိုးဘပိုင်မြေ) တွင်ရှိသော (၅၅ပေ x ၁၁ပေ) အကျယ်အဝန်းရှိ (ဒုတိယထပ်) ထပ်ခိုးပါတိုက်ခန်းအား ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိထားပိုင်ဆိုင်သူ ဦးနေမျိုးထွန်း (၁၂/တမန(နိုင်)၁၀၄၃၉၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစွမ်းပြည့်အောင် (၁၂/ဥကမ(နိုင်)၂၄၅၃၉၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့်မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးကြည် LLB, CBL, DBL, DIL**
**အထက်တန်းရှေ့နေ (စဉ်-၃၃၂၈၆/၂၀၁၀)**
**အမှတ်(၃၂၅)၊ ခေမာ(၁)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၉၉၄၇၇၆၇၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၅/က)၊ လူနေရပ်ကွက်-တိုးချဲ့ရွှေနှင်းဆီကွက်သစ်၊ မြေကွက်အမှတ်-၁၃၇၊ အေးသာယာ (၃) လမ်းရှိ အလျားပေ(၃၀) x အနံ ပေ (၅၀) မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်ခင်ခင်မျိုး အမည်ဖြင့် နှစ် (၆၀) ဂရန်မြေ အမျိုးအစားဖြစ်ပြီး ရောင်းချသူမှာ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးခင်မောင်အေး (၁၂/ဗဟန(နိုင်)၀၈၆၆၀၈) ပိုင်ဆိုင်ကြောင်း တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်ဖူး (၁၂/မဂဒ(နိုင်)၁၃၈၈၄၃) မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်တွင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အိမွန်ဖူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၆၇)**
**အမှတ်-၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကလောခရိုင်၊ ညောင်ရွှေမြို့၊ နန္ဒဝန်(၁)ရပ်ကွက်၊ ပြတိုက်လမ်း၊ အိမ်အမှတ် (၄)နေ ဒေါ်ခင်သန်းနွယ်(၁၃/ညရန(နိုင်)၀၂၆၅၀၆)၏ သားဖြစ်သူ ဦးနေမျိုးသူရိန် (၁၃/ညရန(နိုင်)၀၅၇၆၃၃)သည် မိခင်ဖြစ်သူအပေါ် သားသမီးတို့၏ ဝတ္တရားနှင့်အညီ ကျွေးမွေးပြုစု စောင့်ရှောက်ခြင်းတို့မပြုဘဲ မိခင်အား ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေသဖြင့် ဒေါ်ခင်သန်းနွယ်မှ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် အမွေပြတ်အဖြစ် သတ်မှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝသည် မိခင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းနွယ် (၁၃/ညရန(နိုင်)၀၂၆၅၀၆)၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာဦး (LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၀၀၄၉) (၁၇-၁၂-၂၀၂၅)**
**ရေနွေးရွာ၊ တောင်ကြီးမြို့နယ်၊ ဖုန်း-၀၉-၈၈၅၇၉၅၆၅၅**

## ကန့်သတ်မှုမရှိသောအိတ်ဖွင့်လုပ်ငန်းတင်ဒါ (Open Tender) ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကရင်ပြည်နယ် တင်ဒါအမှတ်စဉ်(၂/၂၀၂၆ -၂၀၂၇) အိတ်ဖွင့်လုပ်ငန်းတင်ဒါ ( Open Tender ) ခေါ်ယူခြင်းကြော်ငြာကို ( ၂ -၆-၂၀၂၆ ) ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတွင်ပါရှိသည့် တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်နှင့် တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်အစား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ် ကြေညာအပ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်-** | ၆-၇-၂၀၂၆ ရက် (တနင်္လာနေ့) ညနေ (၄:၀၀) နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | ၉-၇-၂၀၂၆ ရက် (ကြာသပတေးနေ့) နံနက် (၉:၃၀) နာရီ |

အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဘားအံခရိုင် ဖုန်း (၀၉-၆၇၀၂၅၂၇၂၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၇၇၅)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ပါမစ်မြေကွက်အား အမည်ပေါက်သူ ဦးခင်မောင်မြင့် (ဘ)ဦးမြဝင်း ၅/ဝသန(နိုင်) ၀၄၆၃၄၇ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ငွေသွင်းပြေစာ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ မြေကွက်အမှတ် (ပ-၁၇၃၉)ကို အမည်ပေါက် ဒေါ်နေနွယ်ဝင်းမင်း (ဘ)ဦးအောင်မင်း(ခ)အောင်မင်းဝင်း ၁၃/တကန(နိုင်)၁၄၈၈၈၉၊ ဒေါ်နန်းခေါင် (ဘ) ဦးစိုင်းတု ၁၃/ဆဆန(နိုင်)၀၅၂၄၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါ ရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူ မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၆)၊ ကံကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၂)၊ ကွင်းအမည် (ကံကြီးကုန်းကွင်း)၊ ဦးပိုင်အမှတ် (၄၅/က)၊ မြေဧရိယာ(၀.၂၄)ဧကရှိမြေအား ဆက်စပ် စာချုပ်များအရ ရန်ကုန်မြို့နေ ဒေါ်ခင်ဝင်းလှိုင် (၁၂/သဃက(နိုင်)၀၁၅၃၂၅) ထံမှ ဝယ်ယူထားခဲ့ပြီး ဆက်စပ်စာချုပ်များအရ နောက်ဆုံး လက်ရှိ ရန်ကုန်မြို့နေ ဦးထွန်းထက်အာကာ ( ၁၀/မလမ(နိုင်)၂၀၄၆၀၄) ပိုင် မြေဧရိယာ (၀.၂၄)ဧက မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ အား ဦးထွန်းထက်အာကာမှ တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပြုံး (၅/ဖပန (နိုင်)၀၀၃၀၂၀) မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်ပြုံး ၅/ဖပန (နိုင်)၀၀၃၀၂၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထက် ( LL.B) စဉ် (၅၇၀၂၂)**
**အထက်တန်းရှေ့နေ**
**အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့**
**Ph-09-981053481.09-886538989**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/2273, Mitsubishi Canter FB 70 ABX, Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းစိုး ၁၂/အစန(နိုင်)၂၆၃၈၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/6201, Toyota Hiace KDH 221, Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ Myanmar Economic Corporate က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **Lot ဆောက်လုပ်ရေးလုပ်ငန်းများ**
(1) စစ်ကိုင်းခရိုင်မီးသတ်စခန်း(၂)ထပ်( ၁၃၃x ၅၂ x၂၆ )ပေ (၁)လုံး
(2) စစ်ကိုင်းခရိုင်ဝန်ထမ်းနေအိမ်(၂)ထပ်( ၁၀၀x ၄၀x၂၂ )ပေ (RC) (၁)လုံး
(3) စစ်ကိုင်းခရိုင်ဝန်ထမ်းနေအိမ်(၂)ထပ်( ၁၀၀x ၄၀x၂၂ )ပေ (RC) (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာဝယ်ယူရက်** | - (၁၈-၆ -၂၀၂၆)မှ( ၁- ၇-၂၀၂၆) |
| (ခ) | **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာ တင်သွင်းရက်** | - (၃-၇ - ၂၀၂၆)ရက် (၁၆:၃၀)နာရီထိ |
| (ဃ) | **တင်ဒါလျှောက်လွှာ တင်သွင်းရန်နေရာ** | - တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ်၊ ၀၇၁-၂၁၁၇၁ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက(၃) Grade-12 မှ မဆုပြည့်မောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး ၈/မကန(နိုင်)၁၃၇၀၅၁ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းဦး**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ (ဘ)ဦးသောင်းရွှေ၏ သမီး၊ အ.ထ.က(အင်းမ)တွင် တာဝန်ထမ်းဆောင်နေသည့် ရုံးဝန်ထမ်း(ရေ/သန့်) ဒေါ်အေးအေးမြတ် ၇/သကန (နိုင်)၀၆၆၁၇၄ ၏ မွေးသက္ကရာဇ် အမှန်မှာ (၃-၃-၁၉၇၂)ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးမြတ်**
**၇/သကန(နိုင်)၀၆၆၁၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၅)၊ ကွင်းအမှတ် (RA V)၊ ကွင်းအမည် (ကွက်ပြင်ရပ်ကွင်း)၊ ဦးပိုင်အမှတ် (၃၂-ဃ)၊ ဧရိယာ (၀.၆၄)ဧကရှိ ဒေါ်ချိုချိုပြုံး (၁၂/လသန (နိုင်) ၀၀၃၀၄၄) အမည်ပေါက် နှစ်(၃၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ချိုချိုပြုံး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၁၅၁၃) ဟုခေါ်တွင်သော မြေအလျား x အနံ ပေ(၄၀ x ၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးထွန်းမြင့် (၁၂/ရကန(နိုင်)၀၅၀၄၇၄) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆွင်လမ်ညို (၅/ကလထ(နိုင်)၁၄၉၁၄၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မာလာဝင်း (၉/မထလ(နိုင်)၂၁၀၈၉၉) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းတိုးချဲ့ (၁)ရပ်ကွက်၊ အမှတ် (၆၆)၊ အကျယ်အဝန်းပေ (၄၀x၆၀) မြေကွက်သည် ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အိမ်ရာမြေကွက်ချထားပေးရေးကော်မတီမှ (၂၇-၃-၁၉၉၈) ရက်စွဲဖြင့် ပဲခူးမြို့၊ ဝါးမရမ်းကျေးရွာအုပ်စု နွားတဲကုန်းကျေးရွာနေ ဦးပေါက်(ဘ) ဦးဘိုးရှိန် ၇/ပခန(နိုင်)၂၅၄၈၅၃အား နေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် နေရာချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မူလပိုင်ရှင်ထံမှ စာချုပ်အဆက်စပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး ၁၈-၆-၂၀၂၆ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ (၁၈-၆-၂၀၂၆) ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်မြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစမြင့်ကိုကို (LL.B) (စဉ်-၁၅၂၀၆/၂၀၁၈)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက် (၉)၊ အခန်း (၁၃)၊ ရှင်စောပုဝန်ထမ်းအိမ်ရာ၊ ပဲခူးမြို့ ဖုန်း-၀၉-၄၅၂၁၅၆၈၅၈၊ ၀၉-၆၉၆၉၁၂၀၃၀**

## အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးအေးထွန်း၏သား ဦးထက်နိုင်ဝင်း (၁၂/ရပသ(နိုင်)၀၆၇၈၃၅) နှင့် (ဘ) ဦးစံသိန်း၏ သမီး ဒေါ်ဟေမာနေဝင်း(၁၂/ရပသ(နိုင်)၀၇၉ ၃၀၅) တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး (၉-၆-၂၀၂၆) ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေး ကိုယ်တာကိစ္စအဝဝတို့ကိုဝင် ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်နိုင်ဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း**
**အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာစာ

ကျောင်းကုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းလမ်း၊ ကွင်းအမှတ် (၃၇၄-သစ်ဆိမ့်ကုန်းကွင်း)၊ ဦးပိုင်အမှတ်(၉၃၁)၊ ဧရိယာ(၀ဒသမ၁၁၇)ဧကရှိ မြေကွက်အား ဒေါ်စန်းစန်းဝင်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောင်းကုန်းမြို့**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက (၃) ကျောင်း G-6 မှ မရတနာဝင်းနှင့် G-5 မှ မစမ်းနီလာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၃/ဘအန(နိုင်)၂၃၈၄၆၁ ဖြစ်ပါကြောင်း။

**ဦးတင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/31890 Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၄/ဟသတ(နိုင်)၀၇၈၂၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender) ပိတ်ရက် ပြင်ဆင်ခြင်း

အောက်ဖော်ပြပါ တင်ဒါ (၂)စောင်၏ မူလ တင်ဒါပိတ်ရက် (၁၉.၆.၂၀၂၆)နေ့အစား အောက်ဖော်ပြပါ နေ့ရက်သို့ ပြောင်းလဲ ပြင်ဆင် သတ်မှတ်ပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၈၀/မမ/ CE | **တိုင်းအမှတ်(၃)၊မန္တလေး** မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်း(160'x85'x34'),50KVA Transformer နှင့်မီးလိုင်းများသွယ်တန်းခြင်း၊အုတ်မြစ်စည်းရိုးကာရံခြင်း(၅၀၀-ပေ)၊ကွန်ကရစ် လမ်းခင်းခြင်း(42500 Sft) နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း |
| ၂ | ၈၂/မမ/ CE | **တိုင်းအမှတ်(၄)၊ကလော** သာစည်ဘူတာသစ်တည်ဆောက်ခြင်းနှင့်ရထားသွားလာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း(130'x50')Two Storeyed R.C Building (Mat Foundation)(20'x30')Control Room (၁)ခန်းအပါအဝင်(နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - **( ၂၆.၆.၂၀၂၆) နေ့လည် (၂:၃၀) နာရီ**

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၆က/၈၊ ယုဇနရပ်)၊ ဦးပိုင်အမှတ် (၂၂၉+၂၃၀)၊ မြေဧရိယာ (၀ဒသမ၁၀၉)ဧကရှိ မြေကွက်သည် မူလက ဒေါ်ဘာရ်ကက်ဂျန်ဘီ(ခ)ခင်စန်းအေး အမည်ဖြင့် (၂-၃-၂၀၅၅) ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၂၀-၄-၂၀၂၆)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၁၄/၂၀၂၆) အရ မူလမြေဧရိယာ (၀ဒသမ၁၀၉)ဧကအနက်အရှေ့ဘက်အခြမ်းဧရိယာ(၀ဒသမ၀၅၄)ဧကအားဦးပိုင်ခွဲစိတ်၍ ဒေါ်စန်းမြင့်(ခ)ဘောဘီစိုး၊ ၅/ရဥန(ပြု)၀၀၀၀၀၇ ထံသို့အပြီးအပိုင် ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်စန်းမြင့်(ခ)ဘောဘီစိုး အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသမီးနှင့်ကလေးဆေးရုံကြီး(ခုတင်-၂၀၀)
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တင်ဒါအတွက် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး (ခုတင်-၂၀၀)တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် WHO ၏ သတ်မှတ်ထားသော GMP နှင့်ကိုက်ညီမှုရှိပြီး FDA အသိအမှတ်ပြုဆေးဝါးများ၊ ခွဲစိတ်ခန်း နှင့်ခွဲစိတ်မှုခန်းသုံးဆေးပစ္စည်းများနှင့် Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းသွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၉-၆-၂၀၂၆ ရက်(သောကြာနေ့)

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၇-၂၀၂၆ရက် (ကြာသပတေးနေ့) မွန်းတည့်(၁၂: ၀၀)နာရီတိတိ။

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးဝါးများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှုခန်းသုံးဆေးပစ္စည်းများနှင့် Consumable များစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ မော်လမြိုင်မြို့**
**ဖုန်း- ၀၉-၈၈၃၀၀၀၅၆၃**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ဒေါ်မိုးလှိုင်လှိုင် ထွန်းကိုယ်ပိုင်ထက်ဆင့်သင်ကျောင်း Grade-12 မှ မမေမြတ်နိုးဦး ၏ ဖခင်အမည်မှန်မှာ ဦးမြလင်း (၉/ဝတန(နိုင်)၁၃၈၄၂၀) ဖြစ်ပါကြောင်း။

**ဦးမြလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကျောက်ခွက်ရေနံမြေအထွေထွေစီမံခန့်ခွဲရေးဌာနမှ လက်ထောက်မန်နေဂျာ( ထွေ/စီ) ဒေါ်ခင်သန်းမြင့်(ခ) ဒေါ်သန်းမြင့် ၈/မမန(နိုင်)၁၄၄၈၅၃ နှင့်၎င်း၏ဖခင်ဦးတောဗိုလ်(ခ)ဦးတောဘို ၈/မမန(နိုင်) ၀၀၅၂၈၀၀တို့မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်သန်းမြင့်(ခ)ဒေါ်သန်းမြင့်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)
## သန်လျင်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၆

| | | |
|---|---|---|
| ဒေါ်ဆွေဆွေလာဘ် | နှင့် | ၁။ ဦးကြည်မြင့် |
| | | ၂။ ဒေါ်လှဲ့ယဉ်ဝင်း |
| | | ၃။ ဒေါ်လှလှဌေး |
| | | ၄။ ဒေါ်လင်းလင်းဝါ |
| | | ၅။ ဒေါ်နန်းဥမ္မာတင် |
| | | ၆။ ဒေါ်သန်းသန်းမြင့် |
| | | ၇။ ဒေါ်နှင်းနှင်းဝေ |
| | | ၈။ ဦးသောင်းရွှေ |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ တိုက်ကြီးကုန်း၊ ဒါရ်ကာရပ်ကွက် (ယခုနေရပ် လိပ်စာမသိ) (၁)တရားပြိုင် ဦးကြည်မြင့် သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် အမှတ်(၄၅)၊ ကိုင်းတန်းလမ်း၊ (၂)ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ) (၃) တရားပြိုင် ဒေါ်လှလှဌေး သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ တိုက်အမှတ်(၂၀၈/ ၂၀၉) ၊ စံပယ်မာဃလမ်း၊ (၅)ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ) (၄)တရားပြိုင် ဒေါ်လင်းလင်းဝါ သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၁၃)၊ သိမ်ကျောင်းလမ်း၊ မြို့သစ်အလယ် ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ) (၅)တရားပြိုင် ဒေါ်နန်းဥမ္မာတင် သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၅)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ) (၆)တရားပြိုင် ဒေါ်သန်းသန်းမြင့် သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၄)၊ ၃၈ လမ်း(ယခုနေရပ်လိပ်စာ မသိ) (၇)တရားပြိုင် ဒေါ်နှင်းနှင်းဝေ သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ် - ၄၉၉၊ နဝရတ်လမ်း၊ အောင်ချမ်းသာ(၁) ရပ်ကွက်(ယခုနေရပ်လိပ်စာမသိ) (၈)တရား ပြိုင် ဦးသောင်းရွှေ သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်ဆွေဆွေလာဘ်က ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှုအရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ (၁၃၈၈ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်) အင်္ဂါနေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ် ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ ဇွန်လ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်မိုး)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## အမည်ပြောင်း

(ဘ)ဦးသန်းထိုက်၏ သမီး မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) နှစ်ကိုင်း Grade-4 မှ မကြယ်စင်ထက်အား မကြယ်စင်သော်ဟု ပြောင်းလဲခေါ်ပါရန်။

**မကြယ်စင်သော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)ရပ်ကွက်၊ မြေကွက်အမှတ်(၄၇၃) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်းအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မင်းဦး (YSO- 043914) (၁၂/အစန(နိုင်)၀၆၀၂၇၆)ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းဌေး (၁၂/ဥကမ(နိုင်)၀၂၄၅၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာသက်နှင်း (၁၂/မရက(နိုင်)၁၂၇၀၀၆)မှ အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ အထက(၃) ရွာထောင်ကျောင်းမှ Grade-6 တွင် ပညာသင်ကြားနေသော မောင်ထက်ဝေယံလင်း၏ ဖခင်အမည်မှန်မှာ ဦးခင်စိုးဦး ၈/အလန(နိုင်) ၁၅၁၀၈၄ ဖြစ်ပါကြောင်း။

**ဦးခင်စိုးဦး**

## ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အ-ထ-က(ဘုရားကြီး) Grade-6 မှ မောင်အံ့ခေတ်မာန်၊ Grade- 5 မှ မရွှေပန်းချီ နှင့် Grade- 2 မှ မပန်းလက်ာတို့၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင် ၇/ပခန(နိုင်) ၃၉၃၈၄၆ ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်၇/ပခန(နိုင်) ၃၉၃၈၄၆**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၄) Grade-6 အခန်း(E)တွင် ပညာသင်ကြားနေသော မနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးရွှေဘ ၉/နထက(နိုင်)၀၀၂၄၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အထက(ခွဲ)ချောင်းရှည်မှ မအိပြည့်စုံ Grade-6၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို ၉/ညဥန (နိုင်) ၂၃၁၀၈၂ ဖြစ်ပါကြောင်း။

**ဦးချစ်ကိုကို ၉/ညဥန(နိုင်) ၂၃၁၀၈၂**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) လျှော်ပင် (Grade-8)မှ မခင်ဖုန်းစံ၏ဖခင်အမည်မှန်မှာ ဦးမောင်ကြီး ၉/ဝတန(နိုင်)၁၁၂၇၅၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၇/ မြို့မအနောက်ရပ်)၊ မြေကွက်အမှတ်(ပ-၃၀၄၂၅)၊ အကျယ်အဝန်းပေ(၆၀x၄၀)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ အိမ်ဝိုင်းခြံမြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့် သီးပင်စားပင်အပါအဝင် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံပြောဆိုသူ ဒေါ်မိုင်ရီဒါ (၄/မတပ (နိုင်) ၀၃၆၉၇၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းသီဂီဇင် (၅/ မရန (နိုင်)၁၉၁၄၇၄) မှ အထက်ပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေအချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူ ရင်းများနှင့်တကွ ဤသတင်းစာ ကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်နှင်းသီဂီဇင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းသီဂီဇင်** | **ဦးကျော်ဇေယျ (LL.B)** |
| **၅/ မရန (နိုင်) ၁၉၁၄၇၄** | **အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀/၂၁)** |
| **ဖုန်း ၀၉၆၉၅၀၆၂၀၀၆** | **အခန်း(၃၅) ရွာတော်မင်္ဂလာဈေး၊ ပုဗ္ဗသီရိမြို့နယ်၊** |
| | **နေပြည်တော်၊ ဖုန်း -၀၉-၇၇၈၄၄၇၇၅၄** |

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ နန်းခဲရပ်ကွက်၊ အကွက်အမှတ် (၃၉)၊ ရှမ်းစုအကွက်၊ ဦးပိုင်အမှတ် (၃၅ဃ)၊မြေ ဧရိယာ(၀.၀၇၆) ဧကရှိမြေကွက်အား အရှေ့ဘက်-ဦးပိုင်အမှတ်(၃၆+၃၇)၊ အနောက်ဘက် ဦးပိုင်အမှတ်(၃၅ဂ)၊ တောင်ဘက်- မြသပိတ်ဘုရားလမ်း၊ မြောက်ဘက် - ဦးပိုင်အမှတ်(၃၂က)၊ ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးရဲညီဇော်နှင့် ဒေါ်ဝင်းသန္တာနွယ် တို့မှ လျှောက်ထားလာသည့်အတွက် ဦးရဲညီဇော်နှင့် ဒေါ်ဝင်းသန္တာနွယ် တို့၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၇) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး ၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 21W/98046, Zong Shen -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသာမူး ၁၄/ပသန (နိုင်)၀၁၉၂၅၇ က ဖောင်းကြွနံပါတ်ပြားပျောက်လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/5554 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းထွေး ၉/ရမသ(နိုင်)၁၃၂၇၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ ၁-လမ်း၊ အမှတ်(၁၉)နေ ဦးကိုလီမူလာ၏၊ သမီးဖြစ်သူ မသက်သက်ညို(၁၀/မလမ(နိုင်)၂၉၈၃၁၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မသက်သက်ညိုသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်တွင် နေထိုင်သူ တစ်ဦးဖြစ်ပြီး " Thet Thet Nyo " အမည်ဖြင့် မိမိ၏Profile ဓာတ်ပုံအမှန်အား သုံး၍ Facebook လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် Online အသုံးပြုသူ တစ်ဦးဖြစ်ပါသည်။ သို့သော်လည်း လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် Online စာမျက်နှာများပေါ်တွင် Facebook Account Name Kyi Kyi Aye အမည်ပိုင်ရှင်မှ " Thet Thet Nyo " အမည်ပါ Account အား ဂုဏ်သိက္ခာညှိုးနွမ်းစေရန်၊ ထိခိုက်နစ်နာစေရန်၊ နာမည်ဂုဏ်သတင်း ကျဆင်းစေရန် တမင်ရည်ရွယ်၍ မဟုတ်မမှန်သည့်ကိစ္စရပ်များအား ဖန်တီးပြောဆိုပြီး အများပြည်သူ အထင်အမြင်လွဲမှားစေအောင် Facebook လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အမည်နှင့် ဓာတ်ပုံနှင့်တကွ ပုတ်ခတ်ပြောဆိုမှုများအား ပြုလုပ်ထားကြောင်း မြင်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် ဤကြေညာပါရက်မှစ၍ (၇)ရက်အတွင်း " Thet Thet Nyo " အမည်၊ ဓာတ်ပုံပါအကြောင်းအရာ အစိတ်အပိုင်းတချို့အား Post အဖြစ် တင်ထားပါက ဖျက်သိမ်းပေးပါရန်နှင့် ဖျက်သိမ်းခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ထို့အပြင် တစ်စုံတစ်ဦးဦးက " Thet Thet Nyo " အမည်ဖြင့် အသုံးပြုသည့် Facebook Account အမည်အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့် သော်လည်းကောင်း၊ "Thet Thet Nyo " အကောင့်အမည်၏ ပုံရိပ်အား ထိခိုက်နစ်နာစေရန်၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်၊ ရည်ရွယ်ချက်ဖြင့် ပြုမူပြောဆိုသည့် မည်သူ့ကိုမဆို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုကဲ့သို့ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာရခြင်းဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မသက်သက်ညို** | **ဦးဘုန်းဇေယျစိုး(စဉ်-၉၀၅၉)** |
| **(၁၀/မလမ(နိုင်)၂၉၈၃၁၈)** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၅)၊ တောင်ဝိုင်းကျောင်းလမ်း၊** |
| | **ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊** |
| | **ဖုန်း-၀၉-၄၃၀၇၁၃၇၃** |

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာစာ

ကျောင်းကုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းလမ်း၊ ကွင်းအမှတ်(၃၇၄-သစ်ဆိမ့်ကုန်းကွင်း)၊ ဦးပိုင်အမှတ်(၉၃၀)၊ ဧရိယာ(၀ဒသမ၀၅၄)ဧကရှိ မြေကွက်အား ဒေါ်စန်းစန်းဝင်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက် အထား(မူရင်း)များဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျောင်းကုန်းမြို့နယ်အထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောင်းကုန်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/42386, Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော် ၅/ကလတ(နိုင်)၀၆၀၄၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/42891 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၉/ရမသ(နိုင်)၁၈၉၀၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/55394 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဌေး ၉/တကန(နိုင်) ၁၁၁၉၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ စလေမြို့နေ(ဘ) ဦးစိန်ထွေး၏ သမီးဖြစ်သူ ကျွန်မ ဒေါ်မေရတနာခင်(၈/ခမန(နိုင်)၂၇၀၁၅၂) သည် မိဘနှင့်အတူနေထိုင်သော မိကောင်းဖခင် သမီးတစ်ဦးဖြစ်ပါသည်။ ထိုသို့ ကောင်းမွန်စွာနေထိုင်လျှက် ရှိသော်လည်း မိမိ၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ရည်ရွယ်၍ မိမိ၏လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်တွင် မဟုတ်မမှန်သည်များကို ပြောဆိုဆောင်ရွက်မှုများရှိကြောင်း ခိုင်လုံသော သက်သေ အထောက်အထားများနှင့်တကွ သိရှိရပါသည်။ ထို့အတွက်ကြောင့် မိမိအား ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် မဟုတ်မမှန်ပြောဆိုနေသူများအနေဖြင့် ထိုသို့ပြောဆိုဆောင်ရွက်နေမှုများအား ရပ်တန့်ကရပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ထိုသို့ထပ်မံပြောဆိုဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားရန် ဥပဒေပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေရတနာခင် (၈/ခမန(နိုင်)၂၇၀၁၅၂)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈)
## မအူပင်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၅
**ကွယ်လွန်သူ ဦးသန်းအေး၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့ ၊ အင်းမကျေးရွာအုပ်စု၊ တလိုင်းစု၊ ကျုံတုံးလေးကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းအေး၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နွဲ့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၃၀ )ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ်၊ ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းအေး ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇွန်လ (၃၀ )ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ်၊ ၁ ရက်) ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ ` မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈ နှင့်အညီဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နွဲ့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မှန်မြတ်သူ)
ဒုတိယခရိုင်တရားသူကြီး (၁)
မအူပင်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသာ(၉)ရပ်ကွက်/ကျေးရွာအုပ်စု ၊ ကွင်း/မြေတိုင်းအမှတ်(စက်မှုဇုန်–၂)၊ ဦးပိုင်/မြေကွက်အမှတ်(၆၁)၊ မြေဧရိယာ(၅)ဧကရှိ မြေအား ဦးသန်းဟန် ပါ(၃)ဦးမှ စက်မှုစီးပွား မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စက်မှုစီးပွား မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အများသိစေရန် ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၈၃၉)၊ ဦးသန့်ဇင်အောင် (ဘ) ဦးအောင်ကြည်၊ ၁၁/မပန(နိုင်)၀၅၅၀၈၅ အမည်ဖြင့် ချထားပေးသော မြေကွက်၏ မြေကွက်နေရာယာယီချထားပေးသည့်လက်မှတ်(မူရင်း) ပျောက်ဆုံးသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိ၍ မြေကွက်နေရာယာယီ ချထားပေးသည့်လက်မှတ် မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ (၈-၄-၂၀၁၀)ရက်တွင် ထုတ်ပေးခဲ့သည့် ဦးသန့်ဇင်အောင် အမည်ပေါက် မြေကွက်နေရာယာယီ ချထားပေးသည့် လက်မှတ်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/48901 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာ၊ အမှတ် (၂၈၉) ဟုခေါ်သော ဝိုင်းခြံမြေကွက်အတွင်းမှ အရှေ့ – ဦးမြသိန်းမိုး ၊ အနောက် – လမ်း ၊ တောင် – ဦးသိန်းထိုက် ၊ မြောက် – လမ်းကြား + ဒေါ်ပပတို့နှင့် ဆက်စပ်လျက်ရှိသော အလားလေးရပ်အတွင်းရှိ အိမ်ဝိုင်းခြံမြေကွက်ကို အရှုပ်အရှင်းမရှိ တရားဝင်လက်ရှိထားပိုင်ဆိုင်သည်ဟုအဆိုပြုသူ ဦးမြသိန်းမိုး (ဘ) ဦးဝင်းဆွေ ၁၀/မဒန(နိုင်)၁၁၀၅၀၂ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစိုးမိုးကျော် (ဘ) ဦးမောင်ကျော် ၇/ရတရ(နိုင်)၁၁၂၅၆၃ မှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့ ပေးချေပြီးနောက် ရောင်းဖိုးကျန်ငွေအားထပ်မံပေးချေ၍ အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ပြုလုပ်ချုပ်ဆိုတော့မည်ဖြစ်၍ ဖော်ပြပါအိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစပြီး ( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးမြင့်မြင့်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်–၁၀၀၁၆ (၂၄–၆–၂၀၁၄)**
**အမှတ်(၅)သကြားစက်ရုံရှေ့မြို့လှမြို့၊ ဖုန်း–၀၉–၄၂၀၇၂၆၅၁၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက် အကွက်အမှတ်(၈၃) ၈၉– လမ်း (၁၂x ၁၄)လမ်းကြားနေ (ဦးဌေးလွင်)နှင့် ဒေါ်ကြည်အေးတို့၏သမီး မမိုးမိုးသန္တာ(ခ)မမိုးသူ (၉/အမဇ(နိုင်)၀၅၃၄၇၂၀)သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်အခါခါ ရိုင်းပြစွာ ပြောဆိုဆက်ဆံခြင်း၊ မိခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘ၏ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်း၊ မိခင်တစ်ဦးတည်းနေအိမ်တွင် ပြစ်ထားခဲ့ပြီး မိမိသဘောအလျောက် နေအိမ်မှဆင်းသွားသည့်အတွက် (၁၇–၆–၂၀၂၆) ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည့်သည့် ကိစ္စမျိုးကိုမဆို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်အေး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းလှဲ့ ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၉၃၈)**
**အမှတ်(C–42) သံလွင်လမ်းသွယ်၊ တောင်ဂေါ်ရခါးမိုးကြိုးရပ်ကွက်ကြီး(၂၁)၊**
**ပြင်ဦးလွင်မြို့၊**
**ဖုန်း–၀၉–၉၅၆၂၆၅၆၄၄၊ ၀၉–၆၉၁၉၃၅၅၄၆**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၂၃၀

| | | |
|---|---|---|
| ဒေါ်ဝင်းဝင်းမော် | နှင့် | ၁။ ဒေါ်အေးအေးခိုင် |
| | | ၂။ ဦးအောင်ကျော်နိုင် |
| | | ၃။ ဒေါ်နွေးယုမော် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၂၇ ၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၆ လမ်း၊ အမှတ် ၈၁ ၊ မြေညီထပ်နေ အမှတ်(၂)အယူခံတရားပြိုင် ဦးအောင်ကျော်နိုင်နှင့် အမှတ်(၃) အယူခံတရားပြိုင် ဒေါ်နွေးယုမော် (ယခုလိပ်စာမသိ) သူများတို့ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံ တရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၆ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန် လ ၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မေလတ် )
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## အမှားပြင်ဆင်ချက်

၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၃)ရက်၊ စာမျက်နှာ(၂၁)၌ ကြော်ငြာပါ ယာဉ်အမှတ် 34W/88499 အစား 34W/88494 ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၄) ကျောင်းတွင် ပညာသင်ကြားနေသော (ဘ)ဦးရဲမြတ်ထွန်း ၉/မခန(နိုင်)၁၆၂၃၂၈၏သမီး အမည်မှန်မှာ မခွန်းစစ်သာ (Grade–9) နှင့် မသွန်းရတီစံ (Grade–5) တို့ ဖြစ်ပါကြောင်း။။

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အထက (၁၀) Grade–10 မှ ဦး စိုး မိုး အောင် ၏ သားဖြစ်သူ မောင်အောင်ဟိန်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ (၆–၁–၂၀၁၀) ဖြစ်ပါကြောင်း။။

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မျိုးဆက်သစ် ကိုယ်ပိုင် အထက်တန်းကျောင်း G–11 (STEAMS–1)မှ မကေသွယ်စိုး (ကျောင်းဝင်အမှတ်–NG –0031)နှင့် G–5 မှ မောင်နိုင်လင်းအောင်(ကျောင်းဝင်အမှတ်–NG–0060) တို့၏ မိခင် အမည်မှန်မှာ ဒေါ်ဆွေနွယ်ထွန်း ၉/နထက(နိုင်)၁၆၃၀၄၈ ဖြစ်ပါကြောင်း။။ **ဒေါ်ဆွေနွယ်ထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ–၄၀၂၉)၊ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဦးရဲမင်းခန့် (ခ) ရဲသူရမင်း (ဘ)ဦးမင်းနိုင် ၇/ကပက(နိုင်)၀၆၄၀၁၅ အမည်ပေါက် နှစ် (၃၀) မြေငှားဂရန် စာချုပ် မြေကွက်ကို ဦးရဲမင်းခန့်(ခ)ရဲသူရမင်းမှ ဒေါ်သက်မွန်ဦး(ဘ) ဦးတင်လေး ၁၄/မအန(နိုင်)၁၂၁၉၁၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၂)၊ ခရေလမ်း၊ မြေကွက်အမှတ် (၂၃၀/က)ရှိ အကျယ်အဝန်းပေ(၂၀ x ၆၀)၊ ဧရိယာ စတုရန်းပေ(၁၂၀၀)ရှိ ဦးထွန်းလှ (HGU–109382) အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ် (မီတာ) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်အောင် (၁၂/ဒဂတ(နိုင်) ၀၃၀၀၃၈) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးညီညီမောင် (၁၂/စခန(နိုင်) ၀၅၉၄၇၅)က ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော် လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ် –၅၂၀၇၃)**
**ဖုန်း–၀၉–၄၅၆၁၃၃၄၄၆၊ ၀၉–၇၇၅၀၀၈၃၆၅**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၁၆၂

| | | |
|---|---|---|
| ဦးတင်ထွန်း ပါ ၂ | နှင့် | ၁။ ဒေါ်ပြုံးပြုံးလွင် |
| | | ၂။ ဒေါ်ပြုံးပြုံးလွင် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပထမအယူခံမှု အမှတ် ၁၅၅/၂၀၂၃ ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါအမိန့်မှ ပြင်ဆင်မှု လျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် ၁၉၁ နေ လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်ပြုံးပြုံးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်လှလှလွင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက် ) နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( တင်မေလတ် )
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ အုံ့ကြီးအနောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၆)နေ (ဘ) ဦးမောင်မောင်မြင့်၏သမီး မသန္တာဦး ၁၂/ဒလန(နိုင်)၀၆၄၅၄၁ အား မသက်ခန့်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသက်ခန့်ဦး**

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ ညီနောင်ဖျား ကျေးရွာအုပ်စု၊ ကံစု ကျေးရွာနေ မအိမ့်မှူးပိုင် G–11(B) (အထက–၃) ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းခိုင် ၁၄/ မမက (နိုင်)၂၀၅၀၇၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7386 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ထိပ်တင်မှတ်လမ်း၊ မြေကွက်အမှတ်(၈၉၇)ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ဦးရန်ရှင်း (BF–၀၃၃၅၄၆) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စီစီအောင် (၇/ပမန(နိုင်)၀၂၈၄၉၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကောင်းဝေယံထွဋ် (၁၄/ဘကလ(နိုင်)၃၂၀၈၄၁)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဂျပန်လမ်း၊ ဆန်းသစ်ဦး (၂) လမ်းတွင် ဖွင့်လှစ်ထားသော Special One (ကိုယ်ပိုင်အထက်တန်းကျောင်း) Grade–5 တွင် ပညာသင်ကြားနေသည့် မောင်သုတအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၅/စကန(နိုင်) ၂၇၃၁၆၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 87W/20839, Luojia LJ–100–9(110), M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၇/ပတတ(နိုင်) ၀၇၇၂၆၃ က (ကမ–၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/9223, Bajaj/RE (20000) ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းထက် ၇/ပမန(နိုင်)၁၅၅၂၆၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၆/၆၉)၊ အကျယ်အဝန်းပေ(၂၀x၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ ဦးတင်အေး (၁၂/ဥကတ(နိုင်)၀၀၀၅၆၇) က ၎င်းသာလျှင်တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ဦးတင်မြင့် (၁၂/သဃက(နိုင်)၂၀၈၄၅၄) မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာအဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မြင့် ၁၂/သဃကနိုင်)၂၀၈၄၅၄**
**အမှတ်–၄၀၈၊ အောင်ရတနာလမ်း၊ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း–၀၉–၅၀၃၄၅၈၇၊ ၀၉–၂၅၉၃၁၈၄၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၆)၊ ကံကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၂) ၊ ကွင်းအမည် (ကံကြီးကုန်းကွင်း) ၊ ဦးပိုင်အမှတ် ( ၄၅/ဃ–၁) ၊ မြေဧရိယာ(၀ဒသမ၃၁)ဧကရှိ မြေအား ဆက်စပ်စာချုပ်များအရ ရန်ကုန်မြို့နေ ဒေါ်စိုးစိုးလွင် (၇/ပခတ(နိုင်)၀၃၄၇၆၂) က မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ဒေါ်စိုးစိုးလွင်မှ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝ ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပြုံး (၅/ဖပန (နိုင်) ၀၀၃၀၂၀) မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ခင်ပြုံး** | **ဒေါ်သူသူထက် ( LL.B)** |
| **၅/ဖပန(နိုင်)၀၀၃၀၂၀** | **အထက်တန်းရှေ့နေ (စဉ်–၅၇၀၂၂)** |
| | **အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့** |
| | **ဖုန်း–၀၉–၉၈၁၀၅၃၄၈၁၊ ၀၉–၈၈၆၅၃၈၉၈၉** |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1T/3171 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ၏အစီအစဉ်ဖြင့် ဥပဒေပညာဌာန၊ သမဝါယမပညာဌာနနှင့် စီမံခန့်ခွဲမှုပညာဌာနတို့မှကြီးမှူးပြီး အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **ဖွင့်လှစ်မည့်သင်တန်းအမည်**
(၁) စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေအသိအမှတ်ပြုလက်မှတ်သင်တန်း (Certificate in Business Law– CBL)
(၂) စွန့်ဦးတီထွင်မှုနှင့်စီးပွားရေးစီမံခန့်ခွဲမှုပညာအသိအမှတ်ပြုလက်မှတ်သင်တန်း (Certificate in Entrepreneurship and Business Management – CEBM)
(၃) ဒီဂျစ်တယ်နည်းလမ်းဖြင့်စျေးကွက်ဖော်ဆောင်မှုနှင့် ဆန်းသစ်တီထွင်မှုပညာ အသိအမှတ်ပြုလက်မှတ်သင်တန်း (Certificate in Digital Marketing and Innovation– CDMI)

၂။ **သင်တန်းဝင်ခွင့်အရည်အချင်း** - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
၃။ **သင်တန်းကာလ** - (၃) လ (၁၁-၇-၂၀၂၄ မှ ၄-၁၀-၂၀၂၄ အထိ)
၄။ **သင်တန်းကြေး** - (၁၀၀,၀၀၀/) တစ်သိန်းကျပ်တိတိ
၅။ **လျှောက်ထားရမည့်ရက်** - ၂၂-၆-၂၀၂၄ မှ ၅-၇-၂၀၂၄ အထိ
၆။ **သင်တန်းဝင်ခွင့်လျှောက်လွှာ** - သင်တန်းဝင်ခွင့်လျှောက်လွှာများကို တက္ကသိုလ်၏ Website ဖြစ်သည့် www.ucmt.edu.mm သို့ဝင်ရောက်ပြီး Registration Link များဖြင့် လျှောက်ထားနိုင်ပါသည်။
၇။ **သင်တန်းအချိန်** - **CBL** – အပတ်စဉ် တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိ၊ ည(၁၈:၀၀) နာရီမှ(၂၀:၀၀)နာရီအထိ တစ်ပတ်လျှင် (၃)ရက် Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။
**CEBM**အပတ်စဉ်ဗုဒ္ဓဟူးနေ့မှသောကြာနေ့အထိ၊ ည(၁၈:၀၀)နာရီမှ (၂၀:၀၀) နာရီအထိ တစ်ပတ်လျှင် (၃) ရက် Online စနစ် ဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။
**CDMI** – အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့၊ နံနက် (၉:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ တစ်ပတ်လျှင် (၂) ရက် Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။
၈။ **အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်လိပ်စာ** - CBL (၀၉- ၄၅၀၅၀၀၃၅၄၊ ၀၉-၄၅၉၀၆၈၅၉၄) CEBM (၀၉-၆၉၈၇၁၅၄၄၄၊ ၀၉-၉၆၀၁၉၅၆၈၈) CDMI (၀၉-၇၇၀၃၄၂၈၆၅၊ ၀၉-၇၉၀၈၀၇၉၄၀)

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်ကွက်ပြည်တော်သာလမ်းနေ ဦးထွေး၏သား မောင်စံကြည် ၈/မကန(နိုင်)၂၂၄၁၉၉ ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၅ ၃၄၀ ၅၆၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ မောင်းမလှုပ်ကျေးရွာအုပ်စု၊ မောင်းမလှုပ်ကျေးရွာနေ ဦးချစ်မောင်၏သား မောင်သန်းနိုင်မြင့် ၈/အလန(နိုင်)၁၄၅၁၁၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၇၉၄၂၆၁**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အထက-ကျွဲဒုံး၊ Grade-11 STEAMS-1 မှ မဟန်မီမီကို၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဇော်ဝင်း ၁၄/မအပ(နိုင်)၂၁၅၆၅၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ အထက(၃) ရွာထောင်ကျောင်းမှ Grade-6 တွင် ပညာသင်ကြားနေသော မောင်ထက်ဝေယံလင်း၏ ဖခင်အမည်မှန်မှာ ဦးခင်စိုးဦး ၈/အလန(နိုင်)၁၅၁၀၈၄ ဖြစ်ပါကြောင်း။
**ဦးခင်စိုးဦး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် ၇၂ဃ၊ ဧရိယာ ၀.၀၆၀ဧကရှိ ဒေါ်မြမြဝင်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်မြမြဝင်း (ဘ)ဦးအောင်ငြိမ်း ၉/တကန(နိုင်)၀၁၂၄၀၂ မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ တင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ အကွက်အမှတ် (၈၂)၊ တောင်ကြားကျောင်းအကွက်၊ ဦးပိုင်အမှတ် (၂၈)၊ မြေဧရိယာ (၀.၂၉၂) ဧကအနက်မှ (၀.၁၂၆) ဧကရှိ မြေကွက်အား အရှေ့ဘက်- ဦးပိုင်အမှတ်(၂၉)၊အနောက်ဘက် - လမ်းကြား၊ တောင်ဘက် - သထုံ-ဘားအံကားလမ်း ၊ မြောက်ဘက် - ဦးပိုင်အမှတ်(၂၈)၊ ရှိ မြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း) ပေးရန် ဦးဆန်းလင်းထွန်း မှ လျှောက်ထားလာသည့်အတွက် ဦးဆန်းလင်းထွန်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၈) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။
**မြို့နယ်ဦးစီးဌာနမှူး၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အမှတ်(၂)ဂိတ်မှ စိန်ပန်းဆောင်ဂိတ်တံခါးအနီးထိ ၇၀၀ မီတာအရှည်၊ ၄.၈၈ မီတာ အကျယ်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃-၆-၂၀၂၄ ရက်
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - ၂-၇-၂၀၂၄ ရက်
(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၃-၇-၂၀၂၄ ရက် (၁၆:၃၀) နာရီ
(ဃ) **တင်ဒါတင်သွင်းမည့် နေရာ** - ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ် (၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဖုန်း-၀၆၇-၄၀၉၂၄၉ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။
**တင်ဒါကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အထက (၄) ကျောင်း Grade-7(R1)မှ မအင်ကြင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးသူ ၁၄/ဖပန(နိုင်)၁၄၂၁၁၆ ဖြစ်ပါကြောင်း။
**ဦးစိုးသူ ၁၄/ဖပန(နိုင်)၁၄၂၁၁၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့နယ်၊ တစ်မိုက်သာ အထက G-12မှ မဆောင်းသဇင် ၏ဖခင် ဦးတင်စိုး(ခ) ဦးတင်စိုးဝင်း ၉/တသန(နိုင်)၁၂၀၉၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးတင်စိုး(ခ)ဦးတင်စိုးဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၈)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်-(၁၁၅၂)၊ အကျယ်အဝန်း(၄၀'၃"x၆၀')ပေ၊ (၀ဒသမ၀၅၅)ဧက၊ (၂၄၁၈)စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဦးမြတ်သူထွန်း(၁၂/အလန(နိုင်)၀၄၂၅၄၄)ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးလွင်ကျော်(၁၂/ဥကတ(နိုင်)၀၁၅၁၂၂)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်တင်ဇာလှိုင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ဝယ်ယူသူ- ဒေါ်တင်ဇာလှိုင်(၁၂/ဒဂတ(နိုင်)၀၂၁၉၈၉)**
**ဖုန်း- ၀၉- ၅၀၉၂၂၂၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာကလေးရပ်၊ နတ်မော်လမ်း၊ အမှတ်(၁) (စန္ဒာဝင်းဂေဟာ)အမည်ရှိ RC နှစ် ထပ်တိုက်အိမ်(၁)လုံးနှင့် နှစ်ထပ်တိုက်ခံပျဉ်ထောင်၊ ပျဉ်ခင်း(၁)လုံးတို့သည် အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရှိနေ၍ ဒေါ်ခင်မြအေး ပါ(၄)ဦးမှ ဒေါ်မြင့်မြင့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်သန်းထွန်း)ပါ-၁၂ဦးအပေါ် ဟင်္သာတခရိုင် တရားရုံး၌ တရားမကြီးမှုအမှတ်-၁၁/၂၀၂၄ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ပါသည်။ အထက်ပါအမှုတွင် တရားပြိုင် (၆)ဦးသည် နိုင်ငံခြားရောက်ရှိနေသည်ဆိုပြီး၊ နေရပ်လိပ်စာမတင်ပြနိုင်၍ ခရိုင်ရုံးမှ အမှုကိုပလပ်ခဲ့ခြင်းဖြစ်ပါသည်။ အထက်ပါအမှုတွင် အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရှိနေသည့် အထက်ဖော်ပြပါမြေပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်(၂)လုံးအား အမွေဆိုင်အားလုံး၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းပြုလုပ်ခွင့် မရှိပါကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၉၁)**
**အမှတ်(၁)၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၂၅၃၈၃၃၉၂၅**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/6029 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်-(၃) ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်- (၉) ၊ ဂေါသဇင်လမ်း၊ မြေကွက်အမှတ်- ၃၄၄ (က+ခ)၊ ဦးကျော်ဝင်းနိုင် (၈/ရနခ(နိုင်)၀၀၉၀၈၅) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်ရှိ အကျယ်အဝန်း (ပေ၄၀xပေ ၆၀)အနက်မှမခွဲမစိတ်ရသေးသော ခြေရင်းခြမ်း(ပေ ၂၀xပေ ၆၀)ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်တွင်ဆောက်လုပ်ထားသောရေမီးစုံပါ (၁)ထပ်တိုက်လူနေအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်ခင်သော် (၁၂/ဥကတ(နိုင်)၁၅၄၆၃၇) မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူ ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ ကန့်ကွက်မည့်သူရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာသော စာချုပ်စာတမ်းများဖြင့် ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၂၀ )**
**အမှတ်- ၄၈/၅၀၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၉၈၄၂၅၇၄၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ အဆောက်အဦဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ခြင်းအတွက် လိုအပ်သော မြို့ပြ၊ ရေသန့် ၊ လျှပ်စစ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။
(က)**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၂၄ရက်မှ၆-၇-၂၀၂၄ရက်အထိ ( ရုံးချိန်အတွင်း )
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၀-၇-၂၀၂၄ ရက်၊ ညနေ(၄:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာ ပုံစံရောင်းချ/တင်သွင်း ရမည့်နေရာ** - လျှပ်စစ်ဌာနခွဲအဆောက်အဦဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ဆောက်လုပ်ရေးဝန်ကြီးဌာန
၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၀၇ ၀၇၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထကခွဲ-တက်ဆိပ်ကျောင်း Grade-11 တန်းမှ မကြယ်စင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကြင်ဌေး ၁၄/ငသခ(နိုင်)၀၁၁၇၈၉ ဖြစ်ပါကြောင်း။
**ဦးကြင်ဌေး**

## မိဘအမည်မှန်

ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ၂၀၂၄-၂၀၂၅ အထက(ခွဲ) ရင်ဆိုင် Grade-7 မှ မောင်နေသူရဦး (ကျောင်းဝင်အမှတ်-၀၀၄၈)၏ မိဘအမည်မှန်မှာ ဦးအောင်ဝင်းသိန်းနှင့် ဒေါ်မူမူထွေး တို့ဖြစ်ပါကြောင်း။
**ဦးအောင်ဝင်းသိန်း-ဒေါ်မူမူထွေး**

## ကန့်ကွက်နိုင်ပါကြောင်း

